# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 5 June 2025 ၁၁၈၃၉


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသား ခေါ်ယူခြင်း

စာမျက်နှာ » ၅

---

### နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ



စာမျက်နှာ » ၆

---

### အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

စာမျက်နှာ » ၈



ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်နေမှုကို တွေ့ရစဉ်။

## မန္တလေးငလျင်ကြီးဒဏ်ကြောင့် အင်းလေးဒေသအတွင်း ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

ညောင်ရွှေ ဇွန် ၄

မန္တလေးငလျင်ဒဏ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ ဓာတ်အားတိုင်များ၊ နေအိမ်များသို့သွယ်တန်းထားသည့် ဓာတ်အားကြိုးများ ယိုင်နဲ့တိမ်းစောင်းခြင်း၊ ကျိုးပဲ့ပျက်စီးခြင်းများဖြစ်ပေါ်၍ ကျေးရွာပေါင်း ၃၂၀ ရွာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရသည်။

အဆိုပါ ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်မီးကြိုးများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ယိုင်နဲ့ကျိုးပဲ့သွားသည့် ဓာတ်အားတိုင်များ တည့်မတ်ပြုပြင်ခြင်း၊ အသစ်စိုက်ထူခြင်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများက အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျေးရွာပေါင်း ၃၁၆ ရွာသို့ လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိနိုင်ရေးဆောင်ရွက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၄ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားလိုင်းများ ပုံမှန်ဖြန့်ဖြူးနိုင်ရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ

### စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ အတွက် တိုးတက်ထွက်ရှိလာသောရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

စာမျက်နှာ » ၉

### ကိုယ်ကျင့်တရားကောင်းအောင် ကျင့်ကြံနေထိုင်

ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# အကြမ်းဖက်လုပ်ရပ်များကိုလက်မခံ ဝိုင်းဝန်းရှုတ်ချဆန့်ကျင်တိုက်ဖျက်

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH နှင့် NUG တို့သည် နိုင်ငံရေးကိုအကြောင်းပြ၍ တော်လှန်ရေးဟု ခေါင်းစဉ်တပ်ကာ PDF အမည်ခံ အကြမ်းဖက်သမားများဖြစ်ပေါ်ကြီးထွားလာအောင် လမ်းမှားသို့ ပို့ဆောင်ခဲ့ကြသူများဖြစ်သည်။ ၎င်းအကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ လမ်း၊ တံတား ဖောက်ခွဲဖျက်ဆီးမှုများအပြင် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးလျက်ရှိသည်။

ထို့အပြင် အဆိုပါအကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ နိုင်ငံ့ဝန်ထမ်းများ၊ ၎င်းတို့နှင့် အမြင်အယူအဆ ခံယူချက်မတူညီသည့် အပြစ်မဲ့အရပ်သားပြည်သူများနှင့် ဒေသအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန် ရည်ရွယ်လျက် ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်ရက်စက်မှုအမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုအခါ PDF အမည်ခံအကြမ်းဖက်သမားများသည် ဘုရား၊ ကျောင်းကန်များအပြင် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် ကလေးသူငယ်များ၏ စာသင်ကျောင်းများကို အကြမ်းဖက်စခန်းများအဖြစ် အထိုင်ချပြီး ဘန်ကာများ၊ မြေကျင်းများတူးခြင်း၊ လက်လုပ်ဗုံးများ၊ လက်လုပ်လက်နက်ခဲယမ်းများ ပြုလုပ်နေသည့်အပြင် စာသင်ကျောင်းများကိုပင် မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းဗုံးများချ၍ ဖျက်ဆီးခြင်းတို့နှင့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ဇွန်လ ၁ ရက်နေ့က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့ကို ၎င်းတို့၏နေအိမ်တွင် သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant–DCS) ပြုလုပ်ရန်နှင့် ကျောင်းအပ်လက်ခံခြင်းကိုလက်မခံ မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုရာ ဆရာမက ကျောင်းသား ကျောင်းသူများ၏ အနာဂတ်အတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ကျေပွန်လို၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းပြောရာ အကြမ်းဖက်သမားများက ဆရာမနှင့်ခင်ပွန်းဖြစ်သူကို ကျေးရွာအနောက်ဘက်နှစ်မိုင်ခန့်အကွာသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ဇွန်လ ၁ ရက်နေ့က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ရပ်ကွက်ဓမ္မာရုံ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် ရပ်မိရပ်ဖများသည် မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပပြုလုပ်ရန် ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၁၅ ဦးခန့် ရောက်လာပြီး လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် ရပ်မိရပ်ဖ ခုနစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ သေဆုံးဒဏ်ရာရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ညောင်ဦးခရိုင်ဆေးရုံသို့ ပို့ဆောင်ပေးပြီး လူမဆန်စွာသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၂ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့နှင့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များက ရပ်ရွာလုံခြုံရေးဆောင်ရွက်နေစဉ် KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကို ခုခံနိုင်ခြင်းမရှိသည့်အတွက် ၎င်းတို့ ဆုတ်ခွာထွက်ပြေးနိုင်ရန် ကျေးရွာအတွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးပြီး ထွက်ပြေးသွားခဲ့သည်။ ပြီးခဲ့သည့်ရက်ကလည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ သွားလာအသုံးပြုလျက်ရှိသော လမ်းများပေါ်၌ လက်လုပ်မိုင်းများတွေ့ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း (ပီပါမိုင်း၊ ရှေ့ထွက်မိုင်း) များကို ပြည်သူများ အန္တရာယ်မဖြစ်စေရန် ရှင်းလင်းဖယ်ရှားခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင်ကြပြီး သာယာချမ်းမြေ့စွာနေခဲ့ကြရသည်။ ထို့နောက် CRPH၊ NUG နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့၏ တော်လှန်ရေးခေါင်းစဉ်တပ်ပြီး လမ်းမှားသို့ပို့ဆောင်ပေးမှုများကြောင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကျေးရွာအချို့တွင် အခြေချပြီး အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးတို့ကို လုပ်ကိုင်ကြရာ ရပ်ကွက်/ကျေးရွာနေပြည်သူများ ဒုက္ခဆင်းရဲအမျိုးမျိုးရောက်ကြသည်။ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးလက်များမှ လူငယ်များပင်ဖြစ်ကာ လမ်းမှားသို့ရောက်ပြီး မိမိရပ်ရွာဒေသများကို ဖျက်ဆီးနေကြသူများဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိပြီး တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ပြည်သူများအား ထိခိုက်ပျက်စီးအောင် ပြုလုပ်သည့် အကြမ်းဖက်သမားများချုပ်ငြိမ်းရေးကို လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ပြီး တိုက်ဖျက်နှိမ်နင်းလျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သိဂီမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (၂) | ဦးလှအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

### ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်



“ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး”
“Ending Plastic Pollution Globally”

### ၄ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ – ၆ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၉၀၀ | ၉၇၆ | ၆,၆၆၆,၄၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၅,၀၂၃ | ၁၅,၀၆၉,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၂၄ | ၁၈၆,၇၀၀ |
| FPB | ၁,၈၅၀ | ၁,၈၀၀ | ၁၂,၆၉၂ | ၂၂,၉၂၀,၆၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃,၈၈၀ | ၁၀,၈၆၄,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၉၀၆ | ၁,၄၇၄,၈၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၅၀ | ၁,၉၅၈ | ၇,၆၃၆,၂၅၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၆၁၀ | ၁,၈၉၁,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၂,၀၀၀ | ၆,၂၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး – ဦးအေဝမ်းစိုး
စာတည်းများ – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ




**နေပြည်တော်  ဇွန်  ၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) လောကနတ်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်၌ တောင်သူများအား မျိုးစပါး၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်




**စစ်တွေ  ဇွန်  ၄**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးကြမည့် တောင်သူများအား မျိုးစပါး၊ ပိုက်ဆံလျှော်မျိုးစေ့၊ ယူရီးယား ဓာတ်မြေဩဇာများ ချီးမြှင့်ပေးအပ်ခြင်းနှင့် နည်းပညာပေးရက်တိုသင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချီးမြှင့်ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မျိုးစပါး၊ ပိုက်ဆံလျှော်မျိုးစေ့၊ ယူရီးယား ဓာတ်မြေဩဇာများ ချီးမြှင့်ပေးအပ်ခြင်းနှင့် နည်းပညာပေးရက်တိုသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအတွက် မျိုးစပါးနှင့် ပိုက်ဆံလျှော်မျိုးစေ့များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ယူရီးယား ဓာတ်မြေဩဇာများနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးက နည်းပညာပေး လက်ကမ်းစာစောင်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝပိုးနှင်ဆေးပြုလုပ်ခြင်း၊ ငါးအမိုင်နို အက်ဆစ်ပြုလုပ်ခြင်း၊ စူပါဘိုကာရှီပြုလုပ်ခြင်းတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

အခမ်းအနားအပြီးတွင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် စစ်တွေမြို့ ကျောင်းတက်လမ်း ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူ ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)



## သံအမတ်ကြီး ဦးအောင်မင်းဦး အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  ဇွန်  ၄**

အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်မင်းဦး သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် ဇွန် ၃ ရက်တွင် အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဒစ်အဘာဘာမြို့ရှိ သမ္မတအိမ်တော်၌ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုင်ယီ အက်စ်ကီစီလက်ဆီ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၄

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၅-၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ကော်မတီအဖွဲ့ဝင်များအနေဖြင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများကို စစ်ဆေး၍ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့် (SOP)ကို စက်မှု၊ လျှပ်စစ်၊ ပညာရှင်အင်ဂျင်နီယာများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးအပ်၍ ရေးဆွဲမည်ဖြစ်ကြောင်း၊ ငလျင်ဘေးအပြင် သဘာဝဘေးအန္တရာယ်အားလုံးနှင့် အကျုံးဝင်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (SOP)ကို ရေးဆွဲရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပြန်လည်တပ်ဆင်ခြင်း လုပ်ငန်းများအတွက် စံချိန်စံညွှန်းများနှင့်အညီ (SOP) ရေးဆွဲနိုင်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကျွမ်းကျင်ပညာရှင်များနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ SOP ရေးဆွဲရာတွင် တာဝန်ပေးအပ်သည့် အင်ဂျင်နီယာကိုယ်စားလှယ်တို့ဖြင့် ညှိနှိုင်းဆွေးနွေးရန် ယခုအစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ကျွမ်းကျင်ပညာရှင်များက ငလျင်ကြောင့် စက်ရုံ/အလုပ်ရုံများတွင် လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံးလေဝင်လေထွက်စနစ် ထိခိုက်ပျက်စီးမှုမှ ကာကွယ်တားဆီးခြင်း (Prevention of Earthquake Disasters for ACMV Systems in Factories)၊ ငလျင်အပြီး စက်ရုံ/အလုပ်ရုံများတွင် လေအေးပေးစနစ်နှင့် စက်စွမ်းအားသုံး လေဝင်လေထွက်စနစ် ထိခိုက်ပျက်စီးမှုစစ်ဆေးခြင်း (Post Earthquake Disasters Inspection for ACMV Systems in Factories) ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကနှင့် ဒုတိယဥက္ကဋ္ဌတို့က ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်နှင့်စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်၊ ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာနများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် စက်ပစ္စည်းများအားလုံးနှင့် အကျုံးဝင်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် သတ်မှတ်နိုင်ရေးတို့ကို ဝိုင်းဝန်းရှင်းလင်းဆွေးနွေးကြပြီး စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် စိုက်ပျိုးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၄

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေး ဝဲ၊ ယာ ရေစီးရေလာကောင်းမွန်စေရေး အတွက် ရေမြောင်းများ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်



## ကြည့်ရှုစစ်ဆေး

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်း လမ်းဘေးဝဲ၊ ယာစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ကျွန်းရှောင်း-အိုင်စောက်- ပေါင်းလောင်း ရေနုတ်မြောင်း၊ ပင်လောင်းလမ်းဘေးဝဲ၊ယာ ရေနုတ်မြောင်းများနှင့် တင်းဝါးချောင်း ပြန်လည်တူးဖော်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး ပြန်လည်ပြုပြင်နေမှုနှင့် Modular House များ တပ်ဆင်ဆောက်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက် လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

# မရမ်းကုန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စံထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူစိုးတို့ ဦးဆောင်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မရမ်းကုန်းမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး လိုက်လံချိတ်ဆွဲအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုရဲ(ပြန်/ဆက်)



# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇွန် ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အကျႌ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇွန် ၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဇွန် ၄**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ **စာမျက်နှာ ၇ သို့ ○**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



သီရိလင်္ကာနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။

### သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၂၈-၅-၂၀၂၅ ရက်နေ့မှ ၃-၆-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၅၈၇ | ၂၆၉ | ၂၆၄ | ၂၄ | ၃၀ | - | - | |
| | | အိတ် | ၈၅ | ၃၉ | ၃၈ | ၄ | ၄ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁၉၅ | ၈၇ | ၈၅ | ၁၁ | ၁၂ | - | - | |
| | | ထုပ် | ၂၆ | ၁၂ | ၁၀ | ၂ | ၂ | - | - | |
| | | ထည် | ၁၄ | ၆ | ၆ | ၁ | ၁ | - | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂၂ | ၉ | ၉ | ၂ | ၂ | - | - | |
| ၄ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | ၂ | - | - | ၁ | ၁ | - | - | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆၀ | - | - | - | - | ၆၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

○ စာမျက်နှာ ၆ မှ

ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေ ၂၀ ရက်မှ ၂၇ ရက်အထိ အခြေအနေကို မေ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

**ဖြန့်ခွဲပေးပို့**

ယခုအခါ မေ ၂၈ ရက်မှ ဇွန် ၃ ရက်အထိ ရက်သတ္တ တစ်ပတ်အတွင်း သီရိလင်္ကာနိုင်ငံမှ ထပ်မံပေးပို့ လှူဒါန်းလာသော စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့လည်းကောင်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ် မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်သည်။

လျှောင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၆၄ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၂ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၂ စီး၊ စုစုပေါင်းတန်ချိန် ၂၄၂၇ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာ အလှူရှင်များက မေ ၂၈ ရက်မှ ဇွန် ၃ ရက်နေ့အထိ ရက်သတ္တ တစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် လျှောင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်သတင်းထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်**

**(၃၀-၃-၂၀၂၅ ရက်နေ့မှ ၃-၆-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၈၈ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၄၈ | ၄၆၀၂ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၂၃ | ၄ | ၂၅ | ၁၄၉၇ | - | ၅၁၄ | ၆၈၃ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | - | ၁၅၆ | ၁၂ | | ၉၆၀ | ၁၃၀၀ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၇၄ | ၁၈၂ | ၂၅၇ | ၁၆ | ၁၉ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၁၀၀ | ၂၇ | ၄၇ | ၂၀ | ၆ | - | - | |
| | | ဖာ | ၁၉၂၉၃ | ၉၈၆၆ | ၇၅၅၂ | ၁၃၅၅ | ၄၃၄ | ၈၆ | - | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကဒ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၈၉ | ၂၅ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၄၅၈၃ | ၁၀၉၄ | ၂၃၇၁ | ၉၆၅ | ၁၂၀ | ၃၃ | - | |
| | | ထုပ် | ၁၈၁၃ | ၇၀၂ | ၉၆၉ | ၇၅ | ၆၇ | - | - | |
| | | ခု | ၁၆၆၄ | ၇၄၅ | ၇၇၃ | ၆၇ | ၇၉ | - | - | |
| | | ထည် | ၇၃ | ၃၃ | ၃၀ | ၅ | ၅ | | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၂၀ | ၄၈ | ၄၉ | ၁၁ | ၁၀ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၄၁ | ၁၃၃ | ၁၇၉ | ၁၆ | ၁၃ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၈၂၇ | ၂၆ | - | - | - | ၁၈၀၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

## ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၄

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ (ထီဖွင့်ပွဲခန်းမ)၌ ကျင်းပရာ ၂၀၂၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဌာနမှူးက ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသော ကုမ္ပဏီအခွန်ထမ်းများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီ ၁၁၄ ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုဇော်**



## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၄

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပါသည်။

**မိုး/ဇလ**

## အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လက်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြု လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

* လက်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှု ခံယူခြင်း။
* တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊
* ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန
(၄-၆-၂၀၂၅)

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၄**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေညောင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖူဆယ်အားကစားရုံဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများကို အားကစားကွင်းလုံခြုံရေးအတွက် အမြန်ပြန်လည်ပြုပြင်ရန်၊ ဘောလုံးကွင်းကို ရာသီမရွေးကစားနိုင်သည့် အားကစားကွင်းဖြစ်အောင် အမြဲပြုပြင်ထိန်းသိမ်းထားရှိရန်နှင့် ပွဲကြည့်စင်ပါ မီတာ ၄၀၀ ပြေးလမ်း ဖောက်လုပ်ထားရှိနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ယူကျင်းပနေသည့် ၂၀၂၅ ခုနှစ် FIFA MFF U-15 Youth League ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် U-15 Shan Southern FC ဘောလုံးအသင်း လေ့ကျင့်နေမှုကိုလည်းကောင်း၊ ကလောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ငလျင်ဘေးဒဏ်ကြောင့် အုတ်တံတိုင်းများ ပျက်စီးခဲ့မှုအခြေအနေကိုလည်းကောင်း၊ အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် အားကစားကွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လိုအပ်ချက်များနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်နေပြည်သူများအား စားသောက်ဖွယ်ရာများလှူဒါန်း

**နေပြည်တော် ဇွန် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၁ ရက်မှစ၍ ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး မြစ်ကမ်းဘေးရှိ ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိရာ ရေဘေးသင့်ပြည်သူများသည် ရေဝင်ရောက်မှုမရှိသည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသော စားသောက်ဖွယ်ရာများသည် ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေခံ လေတပ်စခန်း ဌာနချုပ်သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာပြီး ရေဘေးသင့်ပြည်သူများထံသို့ အချိန်မီလှူဒါန်းနိုင်ရေး သယ်ယူပို့ဆောင်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ စားသောက်ဖွယ်ရာများကို ရေဘေးလွတ်ရာ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် တည်းခိုလျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းသည်။

အလားတူ ပူတာအိုမြို့တွင်လည်း အဆိုပါစားသောက်ဖွယ်ရာများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပူတာအိုဒေသ ရေဘေးသင့်ပြည်သူများအား လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇွန် ၄**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်ပြီး တောင်ကြီးမြို့နယ်ရှိ ရွှေမြို့မဝန်ဆောင်မှုနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ ဖွင့်လှစ်ထားရှိသည့် တည်းခိုခန်းအားကြည့်ရှု၍ လိုအပ်သည့်ငွေကြေး၊ အရင်းအနှီးများရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ အတွက် တိုးတက်ထွက်ရှိလာသောရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Myanmar Kinsanar Co.,Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ တွင် ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် Myanmar Kinsanar Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နိုင်ငံတော်၏ အဖိုးတန်စွမ်းအင်သယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့သည် စွမ်းအင်ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ "ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားရေနံလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလည်းပါဝင်ပါကြောင်း၊ မြေအောက်၊ ရေအောက်စွမ်းအင်သယံဇာတများကို ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်းသည် နည်းပညာ၊ အရင်းအနှီးနှင့် စွန့်စားမှုများ လွန်စွာကြီးမားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ အကျိုးရှိစေရန်နှင့် စွန့်စားမှုများလျှော့ချနိုင်ရန် ခေတ်မီနည်းပညာများအသုံးပြု၍ ရှာဖွေ၊ တူးဖော်ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းစဉ်အားလုံးတွင် ဆောင်ရွက်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် အဓိကကျပါကြောင်း၊ သို့ဖြစ်ပါ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုအကျိုးရှိထိရောက်စွာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ သမဝါယမအသင်းအဖွဲ့များအား စွမ်းအင်ဝန်ကြီးဌာနမှ ဦးစီးလုပ်ကိုင်လျက်ရှိသည့် ကုန်းတွင်းလုပ်ကွက်များအနက် ၁၀ ကွက်တွင် ခေတ်မီနည်းပညာများအသုံးပြု၍ ဆောင်ရွက်ခွင့်ရရှိရန် နိုင်ငံတော်အစိုးရထံတင်ပြဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုခွင့်ပြုပေးခဲ့သည့် IOR-6(မြန်အောင်ဒေသ)သည် ဒုတိယအကြိမ်မြောက်ခွင့်ပြုပေးခဲ့သော ကုန်းတွင်းလုပ်ကွက်ဖြစ်ပါကြောင်း၊ ပထမလုပ်ကွက်ကို တိုင်းရင်းသားပိုင်ရေနံကုမ္ပဏီတစ်ခုကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းက ခွင့်ပြုပေးခဲ့ပြီး ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များ တူးဖော်ထုတ်လုပ်နေနိုင်ပြီဖြစ်၍ ယင်းဒေသ၏ လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပါကြောင်း၊ ယခုဒုတိယလုပ်ကွက်ဖြစ်သည့် မြန်အောင်ရေနံမြေသည် ပြည်အနည်ကျချိုင့်ဝှမ်းတွင်ပါဝင်၍ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့စပ်ကြားနေရာတွင် တည်ရှိပြီး အစဉ်အလာကောင်းခဲ့သည့် ရေနံမြေတစ်ခုဖြစ်ပါကြောင်း၊ ယင်းဒေသမှ ရေနံစိမ်းများ တိုးတက်ရရှိရန် မျှော်မှန်းပြီး စက်သုံးဆီများ ချက်လုပ်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံသားပိုင်ရေနံကုမ္ပဏီများအနေဖြင့် နိုင်ငံတကာရေနံကုမ္ပဏီများအဆင့်သို့ တက်လှမ်းလာနိုင်ခြင်း၊ ရေနံတူးဖော်ရေးလုပ်ငန်းများတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအားကောင်းလာခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်၏ စွမ်းအင်သယံဇာတများကို အကျိုးရှိထိရောက်စွာ ထုတ်ယူအသုံးချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ယခုလို အခက်အခဲများကြားမှ အောင်မြင်စွာ စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်ရေး ပူးပေါင်းပိုင်းဝန်းဆောင်ရွက်ပေးကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် Myanmar Kinsanar Co.,Ltd. ကုမ္ပဏီမှ တာဝန်ရှိသူများကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် Myanmar Kinsanar Co.,Ltd. တို့၏ တူညီသောဘုံရည်မှန်းချက်များ အောင်မြင်စေရန်ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Kinsanar Co., Ltd. ၏ Director က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Myanmar Kinsanar Co., Ltd. ၏ Managing Director တို့က ကုန်းတွင်းလုပ်ကွက် IOR-6 (မြန်အောင်ဒေသ) ဧရိယာ-၂ အတွက် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### "အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်အချက်များ"

အစာအဆိပ်သင့်မှုသည် နေရာဒေသမရွေး မကြာခဏဖြစ်ပွားတတ်ပြီး ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်နိုင်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်စေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

#### အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်




၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ၊ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်သုံး ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊

၂။ မချက်ရသေးသည့်သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားပါနှင့်၊ စဉ်းတီတုံး၊ ပန်းကန် သီးသန့်သုံးပါ၊ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ၊

၃။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ ချက်ပြုတ်ထားသည့် အစားအစာများကို မစားမီပြန်နွေးပါ၊

၄။ အစားအစာများကို သင့်တော်သည့် အပူချိန်တွင်ထားရန်လိုသည်၊ ချက်ပြုတ်ထားသည့် အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားပါနှင့်၊

၅။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ၊ လတ်ဆတ်သော အစားအစာများကိုသာသုံးစွဲပါ။

#### အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်

၁။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါလက္ခဏာခံစားနေရသူများ

၂။ အရေပြားတွင်အနာရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၂၀၂၅ ခုနှစ်၊ မေလ

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### "မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေဩဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

#### ရောဂါလက္ခဏာများမှာ-

အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

#### ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။**

၂၀၂၅ ခုနှစ်၊ မေလ

# ဒုတိယဝန်ကြီး ဦးအေးထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနများ၌ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇွန် ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ဝင်းအတွင်းရှိ ဓမ္မဗိမာန်၌ ကျင်းပလျက်ရှိသော အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲစာဖြေဌာနသို့ ရောက်ရှိပြီး အစိုးဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း၍ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များနှင့် သီလရှင်များအား ဖူးမြော်ကြည်ညိုသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုးကောင်းဆုတောင်းပြည့် စေတီတော်ဝင်းအတွင်း ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသော အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပလျက်ရှိသော အစိုးရဓမ္မာစရိယစာမေးပွဲစာဖြေဌာနတို့သို့ ရောက်ရှိပြီး အစိုးရဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း၍ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

မန္တလေးလျှောင်ကြီးကြောင့် ကျင်းပလျက်ရှိသည့် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ခေတ္တရပ်ဆိုင်းခဲ့ရာမှ ဇွန် ၂ ရက်မှ ၁၀ ရက်အထိပြန်လည် ကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံးရှိ အစိုးရဓမ္မာစရိယ စာဖြေဌာန ၆၅ ဌာနနှင့် ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာန ၂၀၆ ဌာနတွင် စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၆၄၄၁၃ ပါးရှိကြောင်း သိရသည်။ **သတင်းစဉ်**



## အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် သတ္တမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ ပထမနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ကို စာရင်းသွင်း ၁၇၆၄ ပါး/ဦးအနက် ၉၄၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၃ ဒသမ ၃၄ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ဦးအနက် ၄၆၄၁၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၄ ဒသမ ၁၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြဝတီမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

မြဝတီ ဇွန် ၄

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့ကို ရှေးဟောင်းသမိုင်းဝင် ရွှေမြင်းဝန်စေတီတော် အတွင်းရှိ သာသနဝှိတကာရီ ဗိမာန်တော် စာဖြေဌာန၌ ယနေ့မွန်းတည့် ၁၂ နာရီက စတင်ကျင်းပသည်။



**ခုနစ်ရက်တိုင်တိုင်ကျင်းပမည်**

မြဝတီမြို့ စာဖြေဌာနတွင် အစိုးရပါဠိပထမပြန် စာမေးပွဲ၌ ပထမကြီးတန်းတွင် ဝင်ရောက်ဖြေဆိုသည့် သံဃာတော် ၁၂ ပါး၊ ပထမလတ်တန်းတွင် သံဃာတော် ၁၆ ပါး၊ သီလရှင် ၁၂ ပါး၊ ပထမငယ်တန်းတွင် သံဃာတော် ၂၉ ပါး၊ သီလရှင်ကိုးပါး၊ အခြေပြုမူလတန်းတွင် သံဃာတော် ၆၇ ပါး၊ သီလရှင် ၃၅ ပါး စုစုပေါင်း သံဃာတော်နှင့်သီလရှင်အပါး ၁၈၀ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည့်အနက် သံဃာတော် ၉၄ ပါး၊ သီလရှင် ၄၈ ပါး၊ စုစုပေါင်း ၁၄၂ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၃၁ ရက်တွင် ကျင်းပရန် ဖြစ်သော်လည်း မန္တလေးလျှင်ကြီး ဖြစ်ပွားခဲ့မှုကြောင့် ခေတ္တရပ်နားထားခဲ့ရာမှ ဇွန် ၄ ရက်မှစတင်ကာ ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

အစိုးရပါဠိပထမပြန် စာမေးပွဲ ဖြေဆိုတော်မူကြသည့် သံဃာတော်နှင့် သီလရှင်များ အေးချမ်းစွာ ဖြေဆိုနိုင်ရန် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် အဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကြီးကြပ်ရေးအဖွဲ့ဝင် လူပုဂ္ဂိုလ်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပြီး နေ့စဉ်ဆွမ်းအလှူရှင် ကရင်ပြည်နယ် သာသနနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးစောမုတ်သုံနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်နော်ဖောဖော မိသားစုက နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

တိုက်ကြီး ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအား ယနေ့နံနက် ၁၀ နာရီက အောက်အလယ်ဘုတ်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် စီမံကိန်းတာဝန်ခံတို့က အောက်အလယ်ဘုတ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က စီမံကိန်းရန်ပုံငွေ အတိုး၊ အရင်းတို့ကို မှန်မှန်ပေးဆပ်ရန်နှင့် စီမံကိန်းအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်အလယ်ဘုတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း ၁၁၉ ဦး အတွက် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၄၃၆၅၀၀၀၀ ထုတ်ချေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး အသိပညာပေးဆွေးနွေး

လှည်းကူး ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ မျက်မှောက်ကာလ ပလတ်စတစ်သုံးစွဲမှုနှင့် စွန့်ပစ်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့်အခြေအနေများ




နှင့် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ပုသိမ် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက အမျိုးသမီးရေးရာရုံးဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းနှင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၂၀၀ က ပန်းအလှနှင့်အရိပ်ရအပင် ၁၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မွေးမြူရေးဘာသာသင်ယူမည့် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး



ကန်ကြီးထောင့် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ မွေးမြူရေးဘာသာသင်ယူမည့် ကျောင်းသားကျောင်းသူများ ကျောင်းလာရောက်အပ်နှံမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထိုသို့ လာရောက်ကြည့်ရှုရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်နိုင်တို့က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် မွေးမြူရေး ဘာသာသင်ယူမည့် ကျောင်းသားကျောင်းသူသစ် ခြောက်ဦး ကျောင်းလာရောက်အပ်နှံမှု အခြေအနေများကို လာရောက်ကြည့်ရှု၍ အားပေးစကားများပြောကြားခဲ့ပြီး ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)




## မိုင်းရှူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဖွင့်လှစ်နေမှုများ ကွင်းဆင်းကြည့်ရှု

မိုင်းရှူး ဇွန် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မြို့ပေါ်ရှိအခြေခံပညာကျောင်းများတွင်ကျောင်းသားကျောင်းသူများကျောင်းတက်ရောက်နေမှုများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများကျောင်းတက်ရောက်နေမှု၊ ကျောင်းအသုံးအဆောင်ပစ္စည်း ပြည့်စုံလုံလောက်မှု ရှိ/ မရှိ၊ ကျောင်းသန့်ရှင်းမှုများ၊ ကျောင်းဆောင်ခိုင်ခံ့မှု ရှိ/ မရှိ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းကြည့်ရှုညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းလူ(ပြန်/ဆက်)

## တာမွေမြို့နယ်ရှိ နားမကြားသောကလေးများကျောင်း(ရန်ကုန်)၌ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



တာမွေ ဇွန် ၄

တာမွေမြို့နယ်ရှိ နားမကြားသောကလေးများကျောင်း(ရန်ကုန်)တွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လက်သင်္ကေတပြဘာသာစကားဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး တာမွေမြို့နယ်အပါအဝင် အနယ်နယ်အရပ်ရပ်မှ အကြားအာရုံချို့တဲ့သော အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူလေးများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ နားမကြားသောကလေးများကျောင်း (ရန်ကုန်)ကို ၂၀၁၄ ခုနှစ် ဇွန် ၉ ရက်ကစတင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၃၅ ဦး စုစုပေါင်း ၈၅ ဦးကို လက်သင်္ကေတပြဘာသာစကားဖြင့် ပညာသင်ကြားပေးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ၃၈ ဦးနှင့် ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၆၂ ဦးကို လက်သင်္ကေတပြဘာသာစကားဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး ကျောင်းအပ်လက်ခံခြင်းများကို လည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစတင်၍ သူငယ်တန်း(KG)မှ Grade – 6 အထိ တိုးမြှင့်ပညာသင်ကြားပေးနိုင်ခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ပညာသင်ကြားသည့် ကျောင်းသားကျောင်းသူများ နေရာထိုင်ခင်း အဆင်ပြေစေရေးအတွက်လည်း ညအိပ်ဆောင်များကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## မိုးကောင်းမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူ ၂၂၀၀၀ ကျော် ပညာသင်ကြားလျက်ရှိ

မိုးကောင်း ဇွန် ၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ အခြေခံပညာစာသင်ကျောင်းများကို ဇွန် ၂ ရက်မှစတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

မိုးကောင်းမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၀၊ ကိုယ်ပိုင်အထက်တန်းကျောင်း လေးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေး(ဘက)ကျောင်း ခြောက်ကျောင်းရှိပြီး အထက်တန်းအဆင့် ၃၀၃၅ ဦး၊ အလယ်တန်းအဆင့် ၅၅၈၈ ဦး၊ မူလတန်းအဆင့် ၁၄၃၆၁ ဦး စုစုပေါင်း ၂၂၉၈၄ ဦးတို့သည် သက်ဆိုင်ရာကျောင်းများ၌ ပညာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)





## ပေါင်းတည်မြို့နယ်ရှိ စာသင်ကျောင်းများ၌ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

ပေါင်းတည် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇွန် ၂ ရက်မှစတင်၍ စာသင်ကျောင်းများ စတင်ဖွင့်လှစ်ခဲ့ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စတင်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ပေါင်းတည်မြို့နယ်ရှိ အထက၊အထက( ခွဲ)၊အထက(တွဲ )စုစုပေါင်း ၁၇ ကျောင်း၌ စာရင်းရှိ ၁၃၉၆ ဦး၊ အပ်နှံသူ ၁၆၅၂ ဦး၊ တက်ရောက်နေသူ ၁၆၄၂ ဦးရှိကြောင်း၊ အလက၊ အလက(ခွဲ)၊ အလက(တွဲ)၊ မူလွန် စုစုပေါင်း ၄၂ ကျောင်း၌ စာရင်းရှိ ၃၁၇၂ ဦး၊ အပ်နှံသူ ၃၅၇၅ ဦး၊ တက်ရောက်နေသူ ၃၅၆၁ ဦးရှိကြောင်း၊ အမက၊ အမက(ခွဲ)၊ အမက(တွဲ) စုစုပေါင်း ၁၀၈ ကျောင်း၌ စာရင်းရှိ ၁၀၇၁၁ ဦး၊ အပ်နှံသူ ၁၀၄၀၄ ဦး၊ တက်ရောက်နေသူ ၁၀၃၇၈ ဦးရှိကြောင်း၊ ယခုနှစ်တွင် စာရင်းရှိထက်များပြားလာပြီး ကျောင်းအပ်နှံသူ ၁၀၂ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ရှိလာကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရွှေသား( IPRD)



## ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုစစ်ဆေး

ဒေးဒရဲ ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၂၁ ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၃၄၃၀ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အေဇာလင်း



## ပခုက္ကူတက္ကသိုလ်၌ ဘွဲ့ကြိုနှင့် ဘွဲ့လွန်နေ့သင်တန်းများ စတင်ဖွင့်လှစ်သင်ကြား

ပခုက္ကူ ဇွန် ၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ဘွဲ့ကြိုနှင့် ဘွဲ့လွန်နေ့သင်တန်းများကို ဇွန် ၂ ရက် နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလသင်တန်း ဘွဲ့ကြိုနှင့်ဘွဲ့လွန် နေ့သင်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇွန် ၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

မိုး/ဇလ

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက် အထက်ကမ်းနားလမ်း ၂၆ x ၂၇ လမ်းကြားရှိ ကရဝိတ်ရေပေါ် ဟိုတယ်အနီး မြစ်ကမ်းနားအနီး ရေဝင်ရောက်မှု ရှိနိုင်သည့်နေရာများအတွင်း ရေဘေးကြိုတင်ကာကွယ် ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေအား ယနေ့နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် ချမ်းအေးသာစံမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များက သဲအိတ်၊ မျှောတိုင်ဝါးများ ကြိုတင်ပြင်ဆင်နေမှုအခြေအနေနှင့် ယခင်နှစ် အမြင့်ဆုံးရေမှတ် ၁၃၂၄ စင်တီမီတာ ရောက်ရှိခဲ့မှုနှင့် ရေဝင်ရောက်နိုင်သည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်



## လျှပ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီကြီး၏ ကြံ့ခိုင်မှုနှင့် ရွှေထီးတော် ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပညာရှင်များက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာ ပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟု ဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများကို ကောင်းမှုတော်ဘုရား သာသနာ့နယ်မြေအတွင်းရှိ သာသနာ့ဗိမာန်၌ Power Pointဖြင့် ရှင်းလင်းတင်ပြပြီး ဆရာတော်ကြီးထံမှ သြဝါဒခံယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သကျဓိတာ သီလရှင်စာသင်တိုက်နှင့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် သာသနိကအဆောက်အအုံများအား မိုးမကျမီ စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ ပိုးတန်ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သုံးထပ်ကျောင်းဆောင်အား မိုးမကျမီ စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုတို့ကို လည်းကောင်း၊ ထူပါရုံစေတီ၊ နန်းဦးမြို့သစ် မဟိယင်္ဂဏစေတီတော်များကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းနှင့် ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စစ်ကိုင်းမြို့ တကောင်း ရပ်ကွက်ရှိ စကုမော်ငလျင်ဘေးသင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့သွားရောက်ကာ စည်းကမ်းတကျရှိစေရေး တာဝန်ရှိသူများအား မှာကြားပြီး ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များ နှင့် လူပုဂ္ဂိုလ်များအား တပ်မတော် နည်းလှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာနရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် Modular Container Houseများ ဆောက်လုပ်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ ရေ၊ မီး၊ မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာနဝင်းအတွင်းရှိ အမှတ် (၆) ရေတွန်းစက်ရုံသို့သွားရောက်၍ ရေသိုလှောင်ထားရှိမှု အခြေအနေများ၊ လျှပ်စစ်မီးစနစ်/ ဆိုလာမီးစနစ်ဖြင့် ရေပေးဝေနိုင်မှုအခြေအနေများကို လည်းကောင်း၊ ဝန်ထမ်းများအတွက် ထမ်မံဆောက်လုပ်မည့် Modular Container House များ ရောက်ရှိမှုအခြေအနေနှင့် သယ်ယူရွှေ့ပြောင်းနေမှုအခြေအနေများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မန္တလေးမြို့တော် စည်ပင်ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ ပျက်စီးမှုအခြေအနေများကို လည်းကောင်း၊ ၁၀၆ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့် မန္တလေးမြို့တော် စည်ပင်ရဲဝန်ထမ်းများအတွက် Modular Container House များ ဆောက်လုပ်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ ရေ၊ မီး၊ မိလ္လာရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိရာ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မဆောင်အား လိုက်လံရှင်းလင်းပြသပြီး ထိခိုက်ပျက်စီးခဲ့သော ဌာနများရှိ အခန်းများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ အမရဌာနီအရှေ့ရပ်ရှိ ဗောင်းတော်ရဆုတောင်းပြည့် မြတ်စွာဘုရား၊ ရေနားပရိယတ္တိစာသင်တိုက်တို့တွင် ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်အား ကြည့်ရှုစစ်ဆေးကာ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ် အိုးတော်ရပ်ကွက်ရှိ အောင်ချမ်းသာဘုရားသို့ သွားရောက်၍ ဂန္ဓကုဋိတိုက်အား စက်ယန္တရားကြီးများ အသုံးပြုပြီး အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို လည်းကောင်း၊ တောင်ကြီးရပ်ရှိ ရွှေရင်းရဲ မြတ်စွာဘုရားနှင့် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားတို့သို့ ရောက်ရှိ၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားများနှင့် တပ်မတော်သားစစ်သည်များက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများက စုပေါင်းလုပ်အားပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ငလျင်ဒဏ်ကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် စာမေးပွဲဖြေဆိုမှုအား အစားထိုး ပြန်လည်ဖြေဆိုနေသော ကျောင်းသား ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီးနှင့် ဘာသာရပ်အလိုက် ဌာနမှူးများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ကျောက်ဆည်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်ပြီးစီး၍ ကျောင်းသားကျောင်းသူများ အဆင်ပြေကောင်းမွန်စွာ တက်ရောက်ပညာသင်ကြားနေမှုအခြေအနေများနှင့် လက်တွေ့စမ်းသပ်ခန်းများတွင် လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း၌ Modular Container House များဖြင့် ယာယီရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြီးဆုံးအတိုက်အခံ ဒီမိုကရက်တစ်ပါတီမှ လီဂျေမြောင် တောင်ကိုရီးယားသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆို

**ဆိုးလ် ဇွန် ၄**

အကြီးဆုံးအတိုက်အခံ ဒီမိုကရက်တစ်ပါတီမှ လီဂျေမြောင်သည် တောင်ကိုရီးယားသမ္မတအဖြစ် အမျိုးသားလွှတ်တော်၌ ယနေ့ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း သိရသည်။

လီဂျေမြောင်သည် တောင်ကိုရီးယားနိုင်ငံ၏ ၂၁ ယောက်မြောက်သမ္မတဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလိုက်နာရန်၊ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ကာကွယ်ရန်နှင့် အမိမြေကိုငြိမ်းချမ်းစွာ ပေါင်းစည်းရေးအတွက် ရှေးရှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီက ကတိပြုခဲ့သည်။

တစ်ဦးချင်းလွတ်လပ်ခွင့်၊ ပြည်သူများ သက်သာချောင်ချိရေးနှင့် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်းနှင့် သမ္မတတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်း လီက ပြောကြားသည်။

အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေးအပေါ် အခြေခံပြီး တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်တို့အကြား သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သမ္မတလီဂျေမြောင်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်ပြီး လက်တွေ့ကျသောရှုထောင့်မှ ချဉ်းကပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားနှင့် ပတ်သက်၍ နျူကလီးယားနှင့် စစ်ရေးဆိုင်ရာ ရန်စမှုများကို တုံ့ပြန်သွားမည်ဖြစ်ကြောင်းလည်း လီက ပြောကြားသည်။

သို့သော် မြောက်ကိုရီးယားနှင့် ဆက်ဆံရေး လမ်းကြောင်းများဖွင့်ကာ ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတလီက ပြောကြားသည်။



သမ္မတလီဂျေမြောင်သည် ထောက်ခံမဲ ၄၉ ဒသမ ၄၂ ရာခိုင်နှုန်း ရရှိခဲ့ပြီး ကွန်ဆာဗေးတစ်အာဏာရ ပြည်သူ့စွမ်းအားပါတီမှ ကင်မွန်ဆူးက ၄၁ ဒသမ ၁၅ ရာခိုင်နှုန်း ရရှိခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အာဖဂန်နိုင်ငံ၏ လျှပ်စစ်ကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၁၇ သန်းကျော် ရင်းနှီးမြှုပ်နှံ

**ကဘူး ဇွန် ၄**

အာဖဂန်ကြားဖြတ်အစိုးရသည် လွန်ခဲ့သည့် နှစ်လအတွင်း လျှပ်စစ်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၁၇ သန်းကျော်ကို ဆွဲဆောင်ကာ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း စီးပွားရေးဆိုင်ရာ ယာယီလက်ထောက်ဝန်ကြီးချုပ်ရုံးက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများကို ဘာခက်ရှ်၊ အနောက်ဟီရတ်၊ အရှေ့ပိုင်း နန်ဂါဟာနှင့် လက်ဂျ်မန်မြောက်ပိုင်း ပြည်နယ်များတွင် ဆိုလာဓာတ်အား ၉၅ မဂ္ဂါဝပ် တည်ဆောက်ရေးစီမံကိန်းများအပြင် ဟီရတ်မြို့၌ လေအားလျှပ်စစ်စီမံကိန်း ၄၃ ဒသမ ၂ မဂ္ဂါဝပ်တို့တည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါရုံးမှ ပြောကြားသည်။

ထို့အပြင် စီမံကိန်းများတွင် တောင်ပိုင်း ကန်ဒါဟာနှင့် ဇဘူလ်ပြည်နယ်များတွင် ဓာတ်အားခွဲရုံများ ဆောက်လုပ်ခြင်းနှင့် ဟယ်မန်းပြည်နယ်မှ ကန်ဒါဟာပြည်နယ်သို့ သွယ်တန်းထားသော ဓာတ်အားလိုင်းများ တိုးချဲ့ခြင်းလည်း ပါဝင်ကြောင်း သိရသည်။

စွမ်းအင်စီမံကိန်းများသည် အာဖဂန်နစ္စတန်တစ်ဝန်းရှိ အိမ်ထောင်စုပေါင်း တစ်သိန်းခန့်နှင့် ရာနှင့်ချီသော စက်မှုစက်ရုံများကို အကျိုးပြုမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် အီရန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် တာ့ခ်မင်နစ္စတန်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများမှ လျှပ်စစ်ဓာတ်အား တင်သွင်းမှုအပေါ် မှီခိုနေရပြီး ဓာတ်အားပြတ်တောက်မှုဒဏ်ကို ကာလရှည်ကြာ ရင်ဆိုင်နေရကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံတွင် ခရစ်ကက်အသင်း အောင်ပွဲခံအခမ်းအနား၌ လူအုပ်ပြိုမှုဖြစ်ပွား

**နယူးဒေလီ ဇွန် ၄**

အိန္ဒိယနိုင်ငံ ကင်နာတာကာပြည်နယ် ဘင်ဂါလာရီမြို့တွင် ဘင်ဂါလာရီခရစ်ကက်အသင်း အောင်ပွဲခံအခမ်းအနားကျင်းပနေစဉ် လူအုပ်ပြိုမှုဖြစ်ပွားခဲ့သဖြင့် ခုနစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ချင်းနားဆွာမိအားကစားရုံသို့ ခရစ်ကက်အသင်းသားများ ဘတ်စ်ကားဖြင့် ရောက်ရှိလာချိန်တွင် ထောင်နှင့်ချီသည့်ပရိသတ်များက လာရောက်အားပေးစဉ် လူအုပ်ပြိုမှုဖြစ်ပွားခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများနှင့် သတိလစ်မေ့မြောနေသူများကို လူနာတင်ယာဉ်များဆီသို့ ရဲတပ်ဖွဲ့က သယ်ယူပေးခဲ့သည်။

၎င်းအားကစားရုံအတွင်း ဝင်ခွင့်လက်မှတ်ဝယ်ယူထားသည့် ပရိသတ်များသာ ဝင်ခွင့်ပြုရန် သတ်မှတ်ထားသော်လည်း ပရိသတ်အများအပြားက အတင်းအကျပ်ဝင်ရောက်ခဲ့သဖြင့် ယခုဖြစ်စဉ်ဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-သည်တိုင်းစ်အော့ဖ်အိန္ဒိယ၊ ဘာသာပြန်-စိုးသူရ



# ဆည်များမှ ရေလွှတ်ထုတ်ခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခြင်း မဟုတ်ကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူပြောကြား

**အဗူဂျာ ဇွန် ၄**

နိုင်ဂျီးရီးယားနိုင်ငံတွင် မကြာမီက ဖြစ်ပွားခဲ့သည့်ရေကြီးရေလျှံမှုများသည် ဆည်များမှ ရေလွှတ်ထုတ်ခြင်းကြောင့်မဟုတ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ ဖြစ်ပွားခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရက ဇွန် ၃ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နိုင်ဂျာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုဖြစ်ပွားရာ တစ်ထောင်ကျော် ပျောက်ဆုံးနေကြောင်းနှင့် ပျောက်ဆုံးနေသူများအား ရှာဖွေနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် မော်ကဝါမြို့ရှိ ဆည်များမှ ရေများကို လွှတ်ထုတ်ခြင်းမရှိကြောင်းနှင့် ၎င်းဆည်များသည် ပုံမှန်လုပ်ငန်းဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်ဝန်ကြီး ဂျိုးဇက်ယူဆပ်က ပြောကြားသည်။

အဆိုပါဆည်များကြောင့် ပတ်ဝန်းကျင်ဒေသများအား မည်သို့မှ ထိခိုက်မှုမရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ မော်ကဝါမြို့တွင် မကြာမီအချိန်က မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် စိုက်ခင်းများနှင့် နေအိမ်များရေထဲမျောခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး မော်ကဝါမြို့၏ ရေနုတ်မြောင်းစနစ်များ ခိုင်ခံ့ခြင်းမရှိသည့်အချက်ကလည်း ရေကြီးရေလျှံမှုကို ဆိုးရွားစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် ရေနုတ်မြောင်းများပြန်လည်ပြုပြင်ခြင်းနှင့် ဒေသခံများအား နေရာချထားခြင်းတို့ကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် မိုးရာသီအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားလေ့ရှိသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

# ကနေဒါနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် ပြည်သူ ၂၅၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**အော့တဝါ ဇွန် ၄**

ကနေဒါနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် ပြည်သူ ၂၅၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက ယမန်နေ့တွင် သတင်းဖော်ပြသည်။

ဆတ်ကာချီဝန်မြောက်ပိုင်း၌ ပြည်သူ ၉၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်းနှင့် လာမည့်ရက်များအတွင်း ၁၅၀၀၀ အထိ ရောက်ရှိနိုင်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် စကော့မိုးက ပြောကြားသည်။

ဆတ်ကာချီဝန် ပြည်နယ်အစိုးရက ရက် ၃၀ ကြာ ပြည်နယ်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ မာနီတိုဘာပြည်နယ်တွင်လည်း အရေးပေါ်အခြေအနေကြေညာခဲ့ကာ လူပေါင်း ၁၇၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ဇွန် ၂ ရက်အထိ မာနီတိုဘာပြည်နယ်ဆိုင်ရာ ကနေဒါကြက်ခြေနီအသင်းတွင် ပြည်သူ ၁၄၃၀၀ ကျော်အား ကယ်ဆယ်စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်မီးသတ်ဌာနက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ကနေဒါနိုင်ငံတစ်ဝန်း လေထုအရည်အသွေး သတိပေးချက်များ ထွက်ပေါ်လာပြီး အွန်တာရီယိုအနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းမန်နီတိုဘာအထက်တွင် ကြီးမားသော မီးခိုးလုံးများထွက်ပေါ်ခဲ့သည်။ မီးခိုးငွေ့များသည် အမေရိကန်ပြည်ထောင်စု၏ အနောက်အလယ်ပိုင်းသို့ ပျံ့နှံ့ခဲ့ကြောင်း ကနေဒါနိုင်ငံသဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုစင်တာက ပြောကြားသည်။

ဂြိုဟ်တုအချက်အလက်များအရ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ကာ မီးခိုးငွေ့များသည် ဥရောပတိုက်၏အစိတ်အပိုင်းများအတွင်းသို့ ယခုသီတင်းပတ်အတွင်း ရောက်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

ကနေဒါနိုင်ငံတစ်ဝန်း၌ တောမီးလောင်ကျွမ်းမှုများကြောင့် ဧရိယာစတုရန်းကီလိုမီတာ ၂၂၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# တရားမဝင် သစ်မျိုးစုံ၊ ရွှေ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၃၉၂၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၉၉၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်မရောလမ်းမဘေးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၉၇၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း ဘုန်းမြင့်ဇော်ကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၄၉၇၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့ ကလေးလေဆိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရွှေတုံး ၁၆ ပဲရည် ၂၆ တုံး အပါအဝင် ရွှေထည်ပစ္စည်းလေးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၄၇၃၆၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တင်သွင်းရန်တားမြစ်ကန့်သတ်ထားသည့် ကုန်ပစ္စည်းဖြစ်သော Nitric Acid ဟု ယူဆရသည့် အရည်ခြောက်ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၁၉၂၀၀၀)ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၂၉၇၃၈၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ ကုမ္ပဏီမှစွန့်လွှတ်ကြောင်း တင်ပြလာသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၅၀၂၅၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၆၇၁၈၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၄၅ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၁၈၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၅၇၁၈၀၈၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

## အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wai Wai Moe” Facebook နှင့် “@moelaymoelay784” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်နေ နှင်းဝေဝေမိုးအား ညနေ ၆ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၆-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဂုဏ်ပြုအစီအစဉ် 'ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ် အားလုံးပူးပေါင်းကာကွယ်ကြမယ်'
- ၀၉:၁၀ NRC အစီအစဉ်
- ၁၁:၃၅ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင့်ရာဇီ'** (အပိုင်း-၄၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လူစွမ်းကောင်းများခေတ်'** (အပိုင်း-၃၁)
- ၁၅:၂၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၀ Soccer View
- ၁၇:၂၅ မပေ့နိုင်တဲ့ဟိုင်နန်မြေ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ငေါင်'** (အပိုင်း-၁၁)
- ၁၉:၄၀ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဂုဏ်ပြုအစီအစဉ် 'ကမ္ဘာတစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးစုပေါင်းအားဖြင့်ဆောင်ရွက်ပေး (Video Clip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လူစွမ်းကောင်းများခေတ်'** (အပိုင်း-၃၃)
- ၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:08 Myanmar Traditional Thatched Roofs: IN-LEAF
- 07:25 Bridge On The River Tapam
- 08:01 News
- 08:26 Asia Updates; Fukushima Trekking with volcanoes & hot springs (Part-1)
- 08:41 Ecotourism: Naga Traditional Customs
- 09:01 Turning Trash Into Better Tomorrow
- 09:25 Chef Life: Kelvin Hong Song (Chinese Chef)
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၂၂)
- ၀၈:၀၀ စတီရီယိုတေးများ
- ၀၈:၃၀ ဆိုကရေးတီးဆုရ(အိုးစည်အတီးပြိုင်ပွဲ၊ တစ်ဦးချင်းအကပြိုင်ပွဲ၊ ကချာလွတ်ယိမ်း)
- ၀၉:၂၅ ကာတွန်း 'ပိုးကောင်းကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၁၅)
- ၀၉:၅၀ စတီရီယိုတေးများ
- ၁၀:၀၅ မြန်မာရုပ်ရှင် 'ဖြူမည်း' **'ရွှေစာဆုံလမ်း'**

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** လှမ်းခဲ့ပါလေကယန်းပန်ပက်ဒေသဆီ
- **စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ပျားရည်နှင့်ကြက်သွန်ဖြူကပေးသောကျန်းမာရေး
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
- **ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)** စိတ်မွှာလ်သို့အလည်တစ်ခေါက်
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၄)
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မှုပွန်အိုးလုပ်ငန်း
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** လခြမ်းမြို့မှ ရိုးရာအလှ (အပိုင်း-၁)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ကျန်းမာရေးနဲ့ညီညွတ်အောင် ကိုယ်အလေးချိန်လျှော့ချနည်း
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** တောင်ယာထမင်းဟင်း
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ခဒူးရိုးရာခေါင်းပေါင်းပေါင်းနည်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ကိုရီးယားနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ယုန်ကပတိုးပိုက်ကတိုး'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ဝင်ကာပူနိုင်ငံ'**
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၉)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
- ၁၉:၁၅ The Flood
- ၂၀:၀၀ သံပင်တုနဲ့မေခင်ဂျူပု(ဇာတ်လမ်း)
- ၂၂:၀၀ The Father (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) YRG Vs PACIFIC SUN FAR
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မော်လမြိုင်တက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)တို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာရောင်းချပေး

မော်လမြိုင် ဇွန် ၄

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်) တို့၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များစသည့် စားသောက်ကုန်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ကြရန်၊ ကုန်ထုတ်လုပ်သူများအနေဖြင့် အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ရန်နှင့် ပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးကြရန် ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် အဆောင်နေ ကျောင်းသား ကျောင်းသူများက အခြေခံစားသောက်ကုန်များ အေးချမ်းပျော်ရွှင်စွာ လာရောက်ဝယ်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ဈေးရောင်းချမှုများကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မုန့်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

ပေါင် ဇွန် ၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ကတွန်ကျေးရွာအုပ်စု စွတ္တပချောင်ကျေးရွာ မာန်ငူကျောင်း၌ ပြုလုပ်သည်။



ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားပြီး သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းသားများအနက်မှ ထူးချွန်ပြီး အမှန်တကယ်လုပ်ငန်းထူးချွန်သူ ငါးဦးကို ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၂ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးစီမံကိန်းအတွက် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် သထုံခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ အဆိုပါသင်တန်းကိုသင်တန်းဆရာ နှစ်ဦးက သင်တန်းသူ ၁၀ ဦးတို့အား ခုနစ်ရက်ကြာသင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုအထိမ်းအမှတ် အသိပညာပေးဆွေးနွေး

ကျိုက်မရော ဇွန် ၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြိုအထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးနှင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲဝင်းတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်ဖြစ်သည့် “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” နှင့် ရည်ရွယ်ချက်များ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်ပစ္စည်းအမျိုးမျိုးကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမှုနှင့် နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်စေမှုများနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

# တရားမဝင်တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အစားအသောက်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းဘာသာစကားဖြင့် ကပ်နှိပ်ထားသော Sprite အမှတ်တံဆိပ် အစိမ်းရောင်အချိုရည်ဘူးများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံချက်မရှိဘဲ ဈေးကွက်များတွင် တရားမဝင်တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိနိုင်သည့် ၎င်းအစားအသောက်အမယ်အား စားသုံးသူများအနေဖြင့် ဝယ်ယူစားသုံးခြင်းမပြုရန် အသိပေးအပ်ပါသည်။

ဖြန့်ဖြူး/ရောင်းချသူများအနေဖြင့် ၎င်းအစားအသောက်အမယ်အား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ (က) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ရရှိထားသော Sprite အမှတ်တံဆိပ် အဖြူရောင်အချိုရည်ဘူး နမူနာပုံ**







ထိုင်းဘာသာစကားဖြင့် တရားမဝင် တုပထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် Sprite အမှတ်တံဆိပ် အစိမ်းရောင်အချိုရည်ဘူး နမူနာပုံ






**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတက်ရောက်




ပုသိမ် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၃၆) မှန်စက်ရုံဝင်းအတွင်း၌ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ ကုံကော်၊ မန်ဂျန်ရှား အစရှိသည့် ပျိုးပင်ပေါင်း ၁၂၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ဦးဆောင်၍ ကုံကော်၊ ခရေ၊ တရုတ်စံကား၊ စကြူ၊ ခရာဝါစသည့် ပျိုးပင် ၁၂၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မတ္တရာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ စာသင်ကြားနေမှုများနှင့် G-12 စာမေးပွဲဖြေဆိုရန် ပြန်လည်သင်ကြားနေမှု အခြေအနေများအား ကြည့်ရှုအားပေး



မတ္တရာ ဇွန် ၄

မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများပညာသင်ကြားနေမှုများနှင့် G-12 စာမေးပွဲဖြေဆိုရန် ပြန်လည်သင်ကြားနေမှု အခြေအနေများကို ယနေ့မွန်းလွဲ ၁ နာရီက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဝန်ကြီးနှင့် အဖွဲ့သည် အထက(မြို့သစ်)တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ ဖြန့်ဝေပြီးစီးမှု အခြေအနေများနှင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို မြို့နယ် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အထက(စလွန်ဖြူ)သို့ သွားရောက်ခဲ့ပြီး G-12 စာမေးပွဲဖြေဆိုရန် ပြန်လည်သင်ကြားနေသည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက်မြို့နယ်ပညာရေးမှူးနှင့် မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်းမှ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ပြီး ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မတ္တရာမြို့နယ် မီးသတ်ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်နည်းပြသနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၅ | ၂၉၇၀ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၁၀ | ၂၉၂၅ | ၄၅၀၅ | ၃၂၂၀ | ၂၉၄၅ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၆၀ |
| 95 Ron | ၂၉၁၀ | ၃၀၂၅ | ၂၉၉၀ | ၂၉၂၅ | ၃၀၃၀ | ၃၀၄၅ | ၃၀၆၀ | ၂၉၈၀ | ၄၅၆၀ | ၃၂၇၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၇၀ | ၃၀၃၅ | ၃၀၅၅ | ၃၃၁၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၅၁၅ | ၂၄၈၅ | ၂၄၂၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၅၅ | ၂၄၇၅ | - | ၂၇၇၀ | ၂၄၉၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၃၀ | ၂၅၅၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၈၃၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | - | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၀ | ၂၇၇၈ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၂၅၃ | ၂၃၂၇ |
| HSD (50 ppm) | ၂၈၀၁ | ၂၈၈၇ |
| HSD (10 ppm) | ၂၈၀၁ | ၂၈၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပြင်ဦးလွင်မြို့တွင် အခွန်ဆိုင်ရာ အသိပညာပေး ဟောပြော

ပြင်ဦးလွင် ဇွန် ၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်အမျိုးအစားအလိုက် အခွန်ကဏ္ဍတစ်ရပ်ချင်းစီအလိုက် အခွန်ပညာပေးရှင်းလင်းဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆)ရှိ စုပေါင်းရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နွေယမင်းစိုးက အခွန်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား သိရှိရန်နှင့် လိုက်နာရမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက် )



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကိုယ်ကျင့်တရားကောင်းအောင် ကျင့်ကြံနေထိုင်

စောအောင်လင်း

**လူတိုင်း အသက်ရှင်သန်နေတဲ့အချိန်မှာ ကိုယ့်ဘဝကို ကြီးပွားတိုးတက်အောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးစားလုပ်ကိုင်နေကြပါတယ်။ လုပ်နေတဲ့အလုပ်တွေကို ကောင်းတာ၊ ဆိုးတာ၊ လုပ်သင့်တာ၊ မလုပ်သင့်တာတွေကို ကြိုတင်မြော်တွေးပြီး လုပ်ကြတာရှိသလို ဖြတ်လမ်းနည်းတွေနဲ့ ကြီးပွားတိုးတက်အောင် လုပ်နေကြတာတွေလည်းရှိပါတယ်။ ဒါပေမဲ့ လွန်ကဲတဲ့အတ္တတွေထားမိရင်တော့ ကိုယ်ကျင့်တရားတွေ ပျက်ပြားပြီး ဆိုးကျိုးတွေ ခံစားကြရပါမယ်။ ကိုယ်ကျင့်တရားကောင်းဖို့ အလွန်အရေးကြီးပါတယ်။**

လူတိုင်းမှာ အတိတ်ဘဝကပါလာတဲ့ ကံရဲ့အကျိုး၊ ပတ်ဝန်းကျင်အခြေအနေနဲ့ ပစ္စုပ္ပန်ကာလမှာ ကြိုးစားအားထုတ်မှုတွေကို အခြေခံပြီး ချမ်းသာတယ်၊ ဆင်းရဲတယ်၊ ပညာတတ်တယ်၊ ပညာမဲ့တယ်၊ ရာထူးဂုဏ်ရှိန်မြင့်တယ်၊ နိမ့်တယ်ဆိုတာတွေနဲ့ ရပ်တည်နေကြပါတယ်။ ရပ်တည်နေရတဲ့ဘဝမှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်အဖြစ် ရပ်တည်နေနိုင်ဖို့အတွက် စာရိတ္တဆိုတဲ့ ကိုယ်ကျင့်တရားကောင်းဖို့ လိုပါတယ်။ လူဖြစ်လာတဲ့အခါ အတိတ်ကံ၊ ပတ်ဝန်းကျင်နဲ့ ကာယကံရှင်ကိုယ်တိုင် ရပ်တည်ချက်ဆိုတဲ့ အကြောင်းတရားတွေက အခြေခံကျပြီး ကိုယ်ကျင့်တရားကောင်းတယ်၊ မကောင်းဘူးဆိုတာ ဖြစ်ပေါ်လာပါတယ်။

**အတိတ်ကံ**

ကံဆိုတာ ကမ္မဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာဖြစ်ပြီး ပါဠိသက် မြန်မာဝေါဟာရဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ အလုပ်ဖြစ်ပါတယ်။ လူတိုင်းဟာ အတိတ်ကပေးလိုက်တဲ့ ကံအကြောင်းတရားတွေနဲ့ ပစ္စုပ္ပန်ကာလတွေကို ဖြတ်သန်းနေပါတယ်။ ပစ္စုပ္ပန်ကာလမှာ လုပ်သမျှတွေကလည်း အနာဂတ်ကို သက်ရောက်ပါတယ်။ အတိတ်ကံဆိုတာ ချက်ချင်းခံစားရတာမဟုတ်ပါဘူး။ အတိတ်ကပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေအတိုင်း ပစ္စုပ္ပန်ကာလမှာ ခံစားရပါတယ်။ အတိတ်က ကောင်းတာတွေလုပ်ခဲ့ရင် ဒီဘဝမှာ ကောင်းကျိုးတွေကို ခံစားရသလို မကောင်းတာတွေလုပ်ခဲ့မိရင် ဆိုးကျိုးတွေကိုသာ ခံစားရပါမယ်။ အဲဒီဆိုးကျိုးတွေဟာ လက်ငင်းမခံစားရသေးပေမယ့် တစ်ချိန်မှာတော့ မလွဲမသွေခံစားရမယ်ဆိုတာ သတိမူကြရပါမယ်။ ပစ္စုပ္ပန်မှာလည်း အပင်တစ်ပင်စိုက်သလို အချိန်ကာလတစ်ခုရောက်လာရင်တော့ အသီးအပွင့်တွေကို မလွဲမသွေခံစားကြရပါမယ်။ ကောင်းတဲ့မျိုးစေ့ကို စိုက်ထားမှ မျိုးကောင်းတဲ့ အသီးအပွင့်တွေ စားရပါမယ်။ ပစ္စုပ္ပန်မှာ ကောင်းတာတွေလုပ်မှ ပစ္စုပ္ပန်ကောင်းကျိုးတွေရော၊ အနာဂတ်ကောင်းကျိုးတွေပါ ခံစားရပါမယ်။ မကောင်းတာတွေလုပ်နေခဲ့ရင် ဆိုးကျိုးတွေကိုသာ ခံစားရပါမယ်။

အတိတ်ကံဆိုတာ ပစ္စုပ္ပန်မှာ အကျိုးခံစားရသလို ပစ္စုပ္ပန်ကာလမှာပြုနေတဲ့ အလုပ်(ကံ)ကတော့ လက်ငင်းရော အနာဂတ်ပါ အကျိုးပေးနိုင်တာကြောင့် ပစ္စုပ္ပန်ကာလမှာ အလုပ်တွေကို သတိထား ဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။ ဆင်ခြင်နိုင်ဖို့ အရေးကြီးတာကတော့ ပစ္စုပ္ပန်ကာလမှာ ကိုယ်ကျင့်တရားကောင်းမွန်အောင် လုပ်ကိုင်နေထိုင်တတ်ဖို့ ဖြစ်ပါတယ်။

**ပတ်ဝန်းကျင်**

လူဆိုတာ တစ်ဦးတည်းနေလို့မရဘဲ မိသားစုအပါအဝင် ရပ်ရွာ၊ မြို့ပြစတဲ့ ပတ်ဝန်းကျင်နဲ့ မဖြစ်မနေ ဆက်ဆံနေထိုင်ရပါတယ်။ အဲဒီပတ်ဝန်းကျင်မှာ မိဘ၊ ဆရာနဲ့ အပေါင်းအသင်း မိတ်ဆွေတွေ ပါဝင်ပါတယ်။ မိဘဆိုတာ သားသမီးတိုင်းကို ဆင်စီးမြင်းရံ ကြီးပွားချမ်းသာစေချင်တဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ မိဘက သားသမီးတွေအပေါ် လွဲမှားတဲ့ ချစ်တာမျိုးကိုတော့ သတိပြုဆင်ခြင်ရပါမယ်။

**❛ ကိုယ်ကျင့်တရားဆိုတာ လူတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတစ်ရပ်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းဖို့ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရပါတယ်။ ပညာတတ်တာ၊ ရုပ်ဆင်းလှပတာ၊ ဥစ္စာဓနကြွယ်ဝတာ၊ ရာထူးဂုဏ်ရှိန်ကြီးမားတာတွေ ဘယ်လိုပဲပိုင်ဆိုင်ထားပါစေ၊ ကိုယ်ကျင့်တရားပျက်ယွင်းသူတွေဟာ အဆန်မပြည့်တဲ့ စပါးနှံလို ထိုးထိုးထောင်ထောင် ဖြစ်နေတတ်ပါတယ်။ ကံအကျိုးပေးကုန်သွားချိန်မှာတော့ လူမှုဆက်ဆံရေး စည်းဘောင်အတွင်းက အပြင်ကိုရောက်သွားတတ် ❜**

အလားတူ ဆရာဆိုတာ တပည့်တွေကို သူတို့ထက်တော်စေတတ်စေချင်တဲ့ စေတနာရှင်တွေ ဖြစ်ပါတယ်။ ဆရာ့ဂုဏ်သိက္ခာနဲ့ပြည့်စုံတဲ့ ဆရာတွေရဲ့ တပည့်တွေဟာ ထူးချွန်ထက်မြက်ကြပါတယ်။ ဒါပေမဲ့ ဆရာဆိုသူက သူ့ရဲ့အတ္တအကျိုးအတွက် အသုံးချတာခံရတဲ့ တပည့်မျိုးတွေကျတော့ ဆိုးကျိုးတွေကိုသာ ခံစားကြရပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားလက်ထက်က ဗိမ္ဗိသာရမင်းကြီးရဲ့သားတော် အဇာတသတ်မင်းသားဟာ ဒေဝဒတ်ကို ဆရာတင်မှားခဲ့လို့ ဖခင်ကိုသတ်ပြီး ထီးနန်းယူခဲ့တဲ့ဖြစ်စဉ်မျိုးတွေလည်း ကြားဖူးကြမှာပါ။

နောက်တစ်မျိုးကတော့ မိတ်ဆွေစစ် မိတ်ဆွေကောင်းတွေကို ရှာဖွေပေါင်းသင်းတတ်ဖို့လိုပါတယ်။ တချို့က အပေါင်းအသင်းကို မိဘ၊ ဆရာတွေနဲ့ ကိုယ့်မိသားစုတွေထက် ပိုပြီးခင်တွယ်တတ်ပါတယ်။ အပေါင်းအသင်းမိတ်ဆွေတွေကို ပေါင်းသင်းဆက်ဆံရာမှာ မိတ်ဆွေစစ်၊ မိတ်ဆွေတုကို ခွဲခြားသိမြင်ပြီး ပေါင်းသင်းတတ်ဖို့လိုပါတယ်။

မိတ်ဆွေစစ်ဆိုတာ (၁) ဥပကာရဆိုတဲ့ ကျေးဇူးပြုတတ်သော၊ ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ (၂) သမာနသုခ ဒုက္ခဆိုတဲ့ ချမ်းသာအတူ ဆင်းရဲလည်းအတူဖြစ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ (၃) အတ္ထက္ခာယီဆိုတဲ့အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ (၄) အနုကမ္ပက ဆိုတဲ့ အစဉ်သနားတတ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်တွေ ဖြစ်ပါတယ်။

မိတ်ဆွေတုဆိုတာ (၁) အညဒတ္ထုဟရဆိုတဲ့ ယူသာယူတတ်သော မိတ်ဆွေတု၊ (၂) ဝစီပရမဆိုတဲ့ နှုတ်ဖြင့်သာလျှင် (လောကွတ်) ပေးတတ်သော မိတ်ဆွေတု၊ (၃) အနုပ္ပိယဘာဏီဆိုတဲ့ အကြိုက်ကိုလိုက်၍ ပြောဆိုတတ်သော မိတ်ဆွေတု၊ (၄) အပါယ သဟာယဆိုတဲ့ ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတုတွေဖြစ်ပါတယ်။ မိတ်ဆွေစစ်နဲ့ မိတ်ဆွေတုတွေကို ခွဲခြားပေါင်းသင်းတတ်ဖို့ လိုပါတယ်။

**❛ ကိုယ်ကျင့်တရားကောင်းဖို့အတွက် ရှောင်ကြဉ်သင့်တဲ့ အချက်တွေရှိသလို ဆောင်ရွက်သင့်တဲ့ အချက်တွေလည်းရှိပါတယ်။ ရှောင်ကြဉ်သင့်တဲ့အချက်တွေထဲက အချို့ကတော့ (၁) အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ (၂) အချိန်အခါမဲ့ ခရီးသွားလာခြင်း၊ (၃) ပွဲလမ်းသဘင်ကြည့်ရှုခြင်း၊ (၄) လောင်းကစားပြုခြင်း၊ (၅) မကောင်းတဲ့မိတ်ဆွေများနှင့် ပေါင်းသင်းခြင်း၊ (၆) ပျင်းရိခြင်းတို့ဖြစ်ပါတယ်။ ဒီအချက်တွေကို တချို့က မကင်းနိုင်ပေမယ့် လွန်ကဲသွားရင်တော့ ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေပါတယ် ❜**

လူ့ဘဝကိုရောက်လာပြီဆိုရင် လူတိုင်းဟာ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွေကို လိုက်နာစောင့်ထိန်းနေထိုင်ကြရပါတယ်။ ကျင့်ဝတ်စည်းကမ်းတွေလိုက်နာကြတဲ့ လူမှုပတ်ဝန်းကျင်ဟာ တိုးတက်အောင်မြင်ကြပြီး မြင့်မြတ်တဲ့ဂုဏ်သိက္ခာတွေကို ပိုင်ဆိုင်ကြပါတယ်။ မလိုက်နာသူတွေကတော့ ပရမ်းပတာလူနေမှုဘဝမှာ နေထိုင်ရပ်တည်ကြရပါတယ်။

(၃၈) ဖြာ မင်္ဂလာတရားတော်မှာ ဗုဒ္ဓမြတ်စွာဘုရားက ပေါင်းသင်းဆက်ဆံရေး သုံးပါး၊ နေထိုင်ရေး သုံးပါး၊ သင်ကြားရေး လေးပါး၊ ပြုစုရေး သုံးပါး၊ လိုက်နာကျင့်သုံးရေး လေးပါး၊ ရှောင်ကြဉ်ရေး လေးပါး၊ စိတ်ထားရေး ငါးပါး၊ သည်းခံရေး လေးပါး၊ မြိုးမြံရေး လေးပါးနဲ့ စိတ်ထားခိုင်ခံ့ရေး လေးပါး တို့ကို လိုက်နာကျင့်သုံးနိုင်ကြရန် မိန့်ကြားတော်မူခဲ့ပါတယ်။ ဒီမင်္ဂလာတရားတော်ဟာ လူတိုင်း လိုက်နာကျင့်သုံးသင့်တဲ့အကြောင်းတွေ ဖြစ်ပါတယ်။ ဒီတရားတွေကို လိုက်နာကျင့်ကြံနိုင်သူတွေဟာ ကောင်းကျိုးတွေကို ခံစားကြရပါတယ်။ လူသားတိုင်း ကိုယ်ကျင့်တရားကောင်းအောင် ကျင့်ကြံလိုက်နာနိုင်ကြဖို့ အခြေခံကျတဲ့ လမ်းညွှန်တရားတော် ဖြစ်ပါတယ်။

ကိုယ်ကျင့်တရားဆိုတာ လူတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတစ်ရပ်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းဖို့ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရပါတယ်။ ပညာတတ်တာ၊ ရုပ်ဆင်းလှပတာ၊ ဥစ္စာဓနကြွယ်ဝတာ၊ ရာထူးဂုဏ်ရှိန်ကြီးမားတာတွေ ဘယ်လိုပဲပိုင်ဆိုင်ထားပါစေ၊ ကိုယ်ကျင့်တရားပျက်ယွင်းသူတွေဟာ အဆန်မပြည့်တဲ့ စပါးနှံလို ထိုးထိုးထောင်ထောင် ဖြစ်နေတတ်ပါတယ်။ ကံအကျိုးပေးကုန်သွားချိန်မှာတော့ လူမှုဆက်ဆံရေး စည်းဘောင်အတွင်းက အပြင်ကို ရောက်သွားတတ်ပါတယ်။

ကိုယ်ကျင့်တရားကောင်းသူတွေရဲ့ အခြေခံအရည်အချင်းဟာ ရိုးသားမှုဖြစ်ပါတယ်။ ရိုးသားသူတွေဟာ မရိုးသားမှုတွေကို လက်မခံကြတာကြောင့် ဥစ္စာဓနတွေ၊ ရုပ်ဝတ္ထုပစ္စည်းတွေ မပြည့်စုံရင်တောင် စိတ်အနှောင့်အယှက်တွေကင်းပြီး စိတ်ချမ်းသာမှုကို ပိုင်ဆိုင်ကြပါတယ်။

ကိုယ်ကျင့်တရားကောင်းဖို့အတွက် ရှောင်ကြဉ်သင့်တဲ့ အချက်တွေရှိသလို ဆောင်ရွက်သင့်တဲ့ အချက်တွေလည်းရှိပါတယ်။ ရှောင်ကြဉ်သင့်တဲ့ အချက်တွေထဲက အချို့ကတော့ (၁) အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ (၂) အချိန်အခါမဲ့ ခရီးသွားလာခြင်း၊ (၃) ပွဲလမ်းသဘင်ကြည့်ရှုခြင်း၊ (၄) လောင်းကစားပြုခြင်း၊ (၅) မကောင်းတဲ့မိတ်ဆွေများနှင့် ပေါင်းသင်းခြင်း၊ (၆) ပျင်းရိခြင်းတို့ဖြစ်ပါတယ်။ ဒီအချက်တွေကို တချို့က မကင်းနိုင်ပေမယ့် လွန်ကဲသွားရင်တော့ ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေပါတယ်။

လုပ်ဆောင်သင့်တဲ့ အချက်တွေကတော့ (၁) အသိပညာ၊ အတတ်ပညာတွေကို တတ်မြောက်အောင်သင်ကြားခြင်း၊ (၂) စိတ်ကောင်းမွေးမြူခြင်း၊ (၃) ကိုယ်ချင်းစာနာစိတ်ထားဖြင့် ဆက်ဆံခြင်း၊ (၄) အသိပညာ ဗဟုသုတများ တိုးပွားအောင် သင်ယူလေ့လာခြင်း၊ (၅) ကောင်းမွန်ပြီး အတုယူသင့်သော အတွေးအမြင်၊ အပြောအဆို၊ လုပ်ကိုင်မှုများကို လိုက်နာကျင့်သုံးခြင်း၊ (၆) ရိုးသားစွာ ကျင့်ကြံနေထိုင်ခြင်း၊ (၇) မှန်ကန်မွန်မြတ်သော အလုပ်ကို ရွေးချယ်လုပ်ကိုင်ခြင်းတို့ဖြစ်ပါတယ်။

လူ့ဘဝဆိုတာ ရခဲလှပါတယ်။ ရလာတဲ့အချိန်ကလည်း အလွန်တိုတောင်းပါတယ်။ ဒီအချိန်တိုအတွင်းမှာ လူပီသတဲ့လူတစ်ယောက်ဖြစ်ဖို့ ကိုယ်ကျင့်တရားကောင်းအောင် ကျင့်ကြံနေထိုင်ရပါမယ်။ လိုက်နာကျင့်ကြံသူတွေဟာ ပစ္စုပ္ပန်ကာလအပြင်၊ အနာဂတ်ကာလအတွက်ပါ ကောင်းကျိုးတွေကို ရင်းနှီးမြှုပ်နှံထားခဲ့နိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ဖို့လိုသလို မိမိတို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကိုလည်း ကိုယ်ကျင့်တရားကောင်းတဲ့သူတွေဖြစ်အောင် သွန်သင်ဆုံးမနည်းလမ်းပြပေးကြရပါမယ်။ ကိုယ်ကျင့်တရားကောင်းသူတွေနဲ့ တည်ဆောက်ထားတဲ့ လူ့အဖွဲ့အစည်းကသာ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

# ၂၀၂၅ ခုနှစ် မေလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5μg) နှင့်အောက်သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM)ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး $PM_{2.5}$ စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ မေလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိနှင့် ၆ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index– AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မေလ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်နေ့နှင့် ၁၉ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မေလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၁၈ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁၁ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။




ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေးအညွှန်းကိန်း(AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်း ကျန်းမာရေးထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေးပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Net-work in East Asia– EANET) အဖွဲ့အစည်းတွင်အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် မေလအတွင်း စခန်း ၂၉ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် မေလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁) မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




**ပုံ(၂) ၂၀၂၅ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများ**




**၂၀၂၅ ခုနှစ် မေလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၂ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၂ |
| ၃ | ခန္တီး | ၆.၆ |
| ၄ | တောင်ကြီး | ၆.၅ |
| ၅ | မိုင်းဆတ် | ၇.၁ |
| ၆ | ကျိုင်းတုံ | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၁ |
| ၈ | ညောင်ဦး | ၇.၁ |
| ၉ | မုံရွာ | ၆.၇ |
| ၁၀ | ပျဉ်းမနား | ၆.၇ |
| ၁၁ | ပြင်ဦးလွင် | ၇.၂ |
| ၁၂ | ကလေးဝ | ၆.၈ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၉ |
| ၁၄ | မှော်ဘီ | ၇.၀ |
| ၁၅ | မကွေး | ၆.၉ |
| ၁၆ | အောင်လံ | ၆.၅ |
| ၁၇ | စစ်တွေ | ၇.၀ |
| ၁၈ | ပြည် | ၆.၅ |
| ၁၉ | ပဲခူး | ၆.၉ |
| ၂၀ | တောင်ငူ | ၆.၈ |
| ၂၁ | ပုသိမ် | ၆.၈ |
| ၂၂ | မအူပင် | ၆.၆ |
| ၂၃ | ဟသ်ာတ | ၆.၇ |
| ၂၄ | မော်လမြိုင် | ၇.၀ |
| ၂၅ | ဘီးလင်း | ၆.၉ |
| ၂၆ | ဘားအံ | ၆.၈ |
| ၂၇ | ထားဝယ် | ၆.၇ |
| ၂၈ | မြိတ် | ၆.၈ |
| ၂၉ | ကော့သောင်း | ၆.၆ |

# ကြွေတစ်လက် ကြက်တစ်ခုန်

ပီမိုးနှင်း

လောင်းကစားခြင်းကို လိုက်စားသူတို့သည် အရက်စွဲသူ၊ သမီးရည်းစား အသည်းစွဲချစ်ကြိုက်၍နေသူများနှင့် များစွာမခြားမနား၊ အသိခေါက်ရက် အဝင်နက်၍ နောက်သို့ဆုတ်၍မရ၊ လည်ပင်းကို ကြိုးတပ်၍ အဆွဲခံရသလို သဲသဲမဲမဲ အစွဲသန်၍ နေကြသူများဖြစ်ကြလေသည်။

ငင်းလောင်းကစားခြင်းတည်းဟူသော ဝေဒနာ နာတာရှည်ကြီး စွဲ၍နေသူမှန်က ကုသရန် လွန်စွာခက်လေသည်။ ရောဂါအပေါင်းတို့တွင် ထိုရောဂါသည် အဆိုးဆုံးသောရောဂါကြီး ဖြစ်လေကြောင်း၊ အကြောင်းမူကား ကစားသမား၏ ကစားခြင်းကို စွဲမက်ခြင်းနှင့် စာသော် ပပဝတီကို ကုသစွဲမက်ခြင်းသည် သံကြိုးနှင့်ဆံပင်ချည် လောက် ခြားနားလေသည်။

### ဝေလငါးကြီးကျောပေါ် ဖဲကစားခြင်း

ရှေးသရောအခါက သင်္ဘောတစ်စင်းသည် ပင်လယ်ထဲ၌ ပျက်လေရာ သင်္ဘောသားများအနက် ဖဲထုပ်ကို အဘယ်အခါမှ ခါးကမချအောင် အကစားစွဲသော သင်္ဘောသားနှစ်ယောက်သည် ဝေလငါးကြီးတစ်ကောင်၏ကျောပေါ်သို့ ကံအားလျော်စွာ အသက်ကို လုရင်း ရောက်၍သွားကြလေ၏။ ကျောထက်သို့ ရောက်လျှင်ရောက်ချင်း တစ်ယောက်က ခါးထဲကဖဲထုပ်ကိုထုတ်ပြီး နှစ်ယောက်သား ဂျိုကာဆွဲကြသည်ဟူသော ပုံတိုတစ်ခုကို ကျွန်ုပ်တို့ဖတ်ဖူးလေသည်။

ထိုပုံသည် အဟုတ်တကယ်ပင်ဖြစ်သည်ထက် ပိုမို၍ဟုတ်မှန်လေသည်။ အကြောင်းမူကား လောင်းကစားစွဲသူတို့သည် ထိုသင်္ဘောသားနှစ်ယောက်နှင့် တူကြလေသည်ဖြစ်ကြောင်း။

လောင်းကစားခြင်း၌ ရဲရင့်သူတို့မှာ သတ္တိထူးတစ်ခုရှိ၏။ ထိုသတ္တိသည်ကား အကြီးအကျယ် လောင်းကစားရာ၌ နှလုံးသည်းပွတ်ကလီစာကို ချာချာမွှေအောင် အစွဲသန်သောသတ္တိဖြစ်လေသည်။ ထိုကဲ့သို့သော လောင်းကစားရာ၌ ခံစားရသော ပီတိသောမနဿသည် ချစ်သူနှစ်ယောက်တည်း တွေ့ကြုံမွေ့လျော် ရွှင်ပျော်သော တစ်ခဏထက် ပိုမိုကြီးကျယ်နိုင်လေသည်။ အကြောင်းမူကား ထိုအလုပ်သည် သာမန်မဟုတ် ကံနှင့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်တွေ့ကာ၊ ပါးတွေ့နားတွေ့ တိုက်ခိုက်ရခြင်းဖြစ်လေရာ တစ်သက်လုံး ပင်ပန်းစွာရှာမှရနိုင်သော စည်းစိမ်ဥစ္စာကို တစ်စက္ကန့်၊ တစ်မိနစ်မျှနှင့် အလုအယက်ရအောင် ကြိုးစားခြင်းဖြစ်လေရာ တစ်သက်လုံး ဥစ္စာရှာသူ၏လောဘ၊ တစ်သက်လုံး ဆန်ကစားသူ၏ သံသယ၊ တစ်သက်လုံး စပါးလှောင်သူတို့၏ကြောင့်ကြခြင်း၊ မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်း၊ အားတက်ခြင်း၊ အားယုတ်ခြင်း စသည့်ဝေဒနာတွေကို တစ်စက္ကန့် တစ်မိနစ်အတွင်းမှာ စုရုံးခံ အဆီအနှစ်ပြု၍ ခံစားလိုက်ခြင်းဖြစ်လေရကား လောင်းကစားသောတစ်ခဏ၌ မျှော်လင့်ခြင်းတည်းဟူသော အာရုံကြော၊ ထောင်သောင်း သိန်းသန်း ကုဋေကုဋာတို့မှာ စိမ့်ခနဲ စိမ့်ခနဲ သိမ့်ခနဲ သိမ့်ခနဲ ငြိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်၍သွားနိုင်လေသည်။

**လောင်းကစားခြင်းတည်းဟူသော ဝေဒနာ နာတာရှည်ကြီး စွဲ၍နေသူမှန်က ကုသရန် လွန်စွာခက်လေသည်။ ရောဂါအပေါင်းတို့တွင် ထိုရောဂါသည် အဆိုးဆုံးသောရောဂါကြီးဖြစ်လေကြောင်း၊ အကြောင်းမူကား ကစားသမား၏ ကစားခြင်းကို စွဲမက်ခြင်းနှင့်စာသော် ပပဝတီကို ကုသစွဲမက်ခြင်းသည် သံကြိုးနှင့် ဆံပင်ချည်လောက် ခြားနား**

အောက်ပါပုံပြင်လေးသည် အရှည်ကို အတိုရုံထား၍ လောင်းကစားသမားများ အထူးမှတ်ဖို့ကောင်းလေသည်။

### သိကြားပေးသော ချည်လုံး

ရှေးသရောအခါက ကလေးတစ်ယောက်အား သိကြားက အပ်ချည်လုံးတစ်လုံးပေးသတဲ့။ သို့ပေးရာ၌ အပ်ချည်လုံးသည် အသင်၏ အသက်ချည်လုံးဖြစ်၏ ယူလော့၊ အချိန်ကို မြန်စေလိုလျှင် ချည်လုံးကို ဖြေရမည်၊ ဖြည်းဖြည်းဖြေလျှင် အသင်၏ ရက်လတို့သည် ဖြည်းဖြည်းကုန်လွန်လတ္တံ့၊ မြန်မြန်ဖြေလျှင် ရက်လတို့သည် မြန်မြန်ကုန်လွန်လတ္တံ့။ အကယ်၍ ဤချည်လုံးကို မဖြေဘဲထားချေက အသင်သည် ရောက်ရှိသောအရွယ်၌ အမြဲတည်နေလိမ့်မည်ဟု သိကြားက မှာလေ၏။

(ဆက်လက်ဖော်ပြပါမည်)

# ရောက်လေရာမှာ ကြိုဆိုစေလိုလျှင်...

ခင်မောင်ညို (ဘောဂဗေဒ)

(၁၅-၅-၂၀၂၅ ရက်နေ့မှအဆက်)

ယခင်ကလို လူတိုင်းကို ရင်းရင်းနှီးနှီး လိုက်နှုတ်ဆက်သည်။ နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သော အိုက်ဟူးဝါးက မျက်ရည်တွေလည်ပြီး 'နှစ်နှစ်လောက်အတွင်းမှာ အပျော်ဆုံးနေ့ပဲ။ ဒီလိုနေ့မျိုးကို ဒေါ်လာတစ်ရာနဲ့တောင် မလဲနိုင်ဘူး'ဟု ပြောသည်။

အရေးမပါ၊ အရာမရောက်သူများကို သေသေချာချာ ဂရုစိုက်ခြင်းကြောင့်ပင်လျှင် နယူးဂျာဆီပြည်နယ်မှ အရောင်းကိုယ်စားလှယ် အက်ဒဝပ်သည် ဖောက်သည်တစ်ယောက်ကို မဆုံးရှုံးခဲ့ရပေ။

'နှစ်တော်တော်ကြာလောက်တုန်းက မက်ဆာချူးဆက် နယ်တစ်ဝိုက်မှာ ဂျွန်ဆန်အင် ဂျွန်ဆန် ပစ္စည်းတွေ လိုက်ရောင်းပေးရတယ်။ ဖောက်သည်တစ်ယောက်က ဆေးဆိုင်ရှင်ပေါ့။ အဲဒီဆေးဆိုင်ကို သွားတဲ့အခါတိုင်း အရောင်းစာရေးတွေနဲ့ အမြဲတမ်း စကားပြောပြီးမှ ဆိုင်ရှင်နဲ့တွေ့ပြီး သူ့ဆီက အမှာစာကို ယူရလေ့ရှိတယ်။ တစ်ရက်မှာ ဆိုင်ရှင်ကို ကျွန်တော်သွားတွေ့တော့ ကျွန်တော့်ပစ္စည်းတွေကို ထပ်မဝယ်ချင်ဘူး၊ စိတ်မဝင်စားတော့ဘူးလို့ ပြောလွှတ်တယ်။ ဂျွန်ဆန်နဲ့ ဂျွန်ဆန်ကုမ္ပဏီဟာ အစားအသောက်ဆိုင်နဲ့ လျှော့ဈေးနဲ့ရောင်းတဲ့ဆိုင်တွေကို သိပ်ပြီး ဦးစားပေးတော့ ဆေးဆိုင်လို ဆိုင်ငယ်တွေကို ထိခိုက်တယ်လို့ဆိုပြီး သူတို့က စိတ်နာနေကြတယ်။ ဒါနဲ့ သူပြောသမျှ၊ ဆိုသမျှ ခေါင်းငုံ့ခံပြီး တိတ်တိတ်လေး ပြန်လာခဲ့ရတာပေါ့။ နောက်ဆုံးကျမှ ဘာပဲဖြစ်ဖြစ် နောက်တစ်ခါလောက်တော့ ထပ်ပြောဦးမယ်ဆိုပြီး သွားကြည့်တယ်။

'ဒီတစ်ခေါက်မှာလည်း ခါတိုင်းလိုပဲ အရောင်းစာရေးတွေကို သွားနှုတ်ဆက်တယ်။ ပြီးမှ ပိုင်ရှင်ကို သွားတွေ့တော့ ပိုင်ရှင်မျက်နှာက စောစောကမျက်နှာမျိုးမဟုတ်တော့ဘူး၊ ပြုံးလို့ရွှင်လို့ပဲ။ ဘယ်လိုဖြစ်သွားတာလဲလို့မေးကြည့်တော့ စာရေးတွေက ကျွန်တော်နဲ့ ဆက်လုပ်ပါလို့ ဝိုင်းပြောကြသတဲ့။ ဒါကို ပိုင်ရှင်က သဘောတူလိုက်တာနဲ့ ဖောက်သည်တစ်ယောက် လျော့မသွားတာ။ အဲဒီမှာ တခြားလူတွေကို တကယ်တမ်း စိတ်ဝင်စားမှုဟာ အရောင်းသမားတစ်ယောက်အတွက် အရေးအကြီးဆုံး အရည်အချင်းပဲဆိုတာ တစ်သက်လုံးမှတ်သွားမိတော့တယ်။ ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ဂရုစိုက်ဖို့ အရေးကြီးတယ်'

လူကြိုက်အများဆုံး လူများထံမှပင်လျှင် သူတို့ကို အမှန်တကယ် စိတ်ဝင်စားက တုံ့ပြန်မှု၊ အာရုံစိုက်မှု၊ အချိန်ပေးမှု၊ ဝိုင်းဝန်းဆောင်ရွက်မှုတို့ကို ရရှိနိုင်ကြောင်း ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ဖူးသည်။ ရှင်းပြပါရစေ။

နှစ်တော်တော်ကြာက ကျွန်တော်သည် ဘရွတ်ကလင်းရှိ ဝိဇ္ဇာသိပ္ပံဘာသာရပ်များကျောင်း၌ ဝတ္ထုရေးနည်းသင်တန်းပေးရသည်။ ထိုသင်တန်းတွင် ပါဝင်သော အစီအစဉ်တစ်ခုမှာ ထင်ရှားကျော်ကြားသော (ထင်ရှားကျော်ကြားသလောက် အလုပ်များနေကြသော) စာရေးဆရာများ ကြွရောက်ဟောပြောစေရန်ဖြစ်သည်။ ထိုစာရေးဆရာများထံသို့ သူတို့၏ အရေးအသားများကို ကျွန်တော်တို့ချီးကျူးကြောင်း၊ သူတို့၏အောင်မြင်မှုအတွက် ကိုယ်ပိုင်နည်းလမ်းများကို လေ့လာဆည်းပူးကာ အကြံဉာဏ်များရယူလိုကြောင်း စာလှမ်းရေးကြသည်။ ထိုစာများကို သင်တန်းသား ၁၅၀ က လက်မှတ်ရေးထိုးကြသည်။ ထိုစာရေးဆရာများ အလုပ်များကြောင်း၊ ပို့ချချက်တစ်ခုပြင်ဆင်ရန်ဆိုလျှင် အလွန်အလုပ်ရှုပ်မည်ဖြစ်ကြောင်းကို ကျွန်တော်တို့ နားလည်သဘောပေါက်ပါသည်ဟု ထည့်ရေးလိုက်သည်။ သို့ဖြစ်၍ သူတို့အကြောင်းနှင့် သူတို့၏စာပေများအကြောင်းကို မေးမြန်းထားသော မေးခွန်းတစ်စုံကိုပါ ပူးတွဲ၍ပေးပို့လိုက်သည်။ ထိုသို့ ဖိတ်ကြားသည်ကို သူတို့တစ်တွေက သိပ်သဘောကျကြသည်။ သဘောမကျဘဲ ဘယ်နေနိုင်ပါ့မလဲ။ ဤသို့ဖြင့် ဒုက္ခခံပြီး ကျွန်တော်တို့ကို လာရောက်ကူညီကြသည်။

ထိုနည်းကိုပင်သုံးကာ ဘဏ္ဍာရေးဝန်ကြီး၊ ရှေ့နေချုပ်၊ သမ္မတကြီးနှင့် အခြားထင်ရှားကျော်ကြားသူများကိုဖိတ်ကြားကာ ဟောပြောနည်းဘာသာရပ်ကို သင်ကြားပို့ချစေနိုင်ခဲ့သည်။

စက်ရုံက အလုပ်သမားပဲဖြစ်ဖြစ်၊ ရုံးတစ်ရုံးက စာရေးပဲဖြစ်ဖြစ်၊ ရာဇပလ္လင်ပေါ်ကဘုရင်ပဲဖြစ်ဖြစ် ကျွန်တော်တို့ကို ချီးကျူးသောသူများ၊ အထင်ကြီးသောသူများကို ကျွန်တော်တို့က သဘောကျနှစ်ခြိုက်တတ်ကြသည်။

ဥပမာ ဂျာမန်ဘုရင် ကိုင်ဇာကို ကြည့်ပါ။ ပထမကမ္ဘာစစ်အပြီး၌ သူသည် ကမ္ဘာပေါ်တွင် လူမုန်းအများဆုံးပုဂ္ဂိုလ်ဖြစ်နိုင်သည်။ သူ၏ နိုင်ငံကပင်လျှင် သူ့ကိုဆန့်ကျင်သောအခါ အသက်ဘေးမှလွတ်အောင် ဟော်လန်နိုင်ငံသို့ ထွက်ပြေးရသည်။ လူသန်းပေါင်းများစွာတို့က သူ့ကိုတွေ့လျှင် မုန့်မုန့်ညက်ညက်ခြေပစ်ချင်လောက်အောင်ကို မုန်းကြသည်။

ထိုမျှ အမုန်းပွားနေသည့်ကြားမှ ကလေးငယ်တစ်ယောက်က ကိုင်ဇာထံသို့ ကြင်ကြင်နာနာဖြင့် ချီးကျူးကြောင်း လွယ်လွယ်ရိုးရိုး စာလေးတစ်စောင်လှမ်းရေးသည်။ အခြားသူတွေက ဘယ်လိုပဲထင်ထင် သူကတော့ ကိုင်ဇာကို သူ့ဘုရင်အဖြစ် အမြဲချစ်ခင်နေမည်ဖြစ်ကြောင်း ရေးသားထားသည်။ ထိုစာကို ဘုရင်ကိုင်ဇာဖတ်ရသောအခါ အတော်လေးခံစားရသည်။ သို့ဖြင့် ကလေးငယ် သူ့ထံသို့လာလည်ရန် ဖိတ်ကြားလိုက်သည်။ ကလေးငယ်နှင့်အတူ ကလေးငယ်၏မိခင် ပါလာသည်။ ကိုင်ဇာက ကလေးငယ်၏မိခင်ကို လက်ထပ်ယူလိုက်သည်။ ထိုကလေးငယ်အတွက် မိတ္တဗလဋီကာ ဖတ်ဖို့မလိုပေ။ မွေးကတည်းကပင် သိပြီး တတ်ပြီးဖြစ်နေနှင့်သည်။

မိတ်ဆွေများများရချင်လျှင် ကိုယ်ကျိုးမငဲ့ဘဲ အချိန်ကုန် အပင်ပန်းခံ၍ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်ပေးရမည်။

ဝင်ဆာမြို့စားကြီး ဝေလမင်းသားဖြစ်စဉ်အချိန်က တောင်အမေရိကသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။ ထိုသို့မသွားမီ စပိန်ဘာသာကို လေ့လာဆည်းပူးပြီး စပိန်လို မိန့်ခွန်းပြောနိုင်ရန် ကြိုးစားခဲ့သည်။ ထိုအခါ တောင်အမေရိကတိုက်သားများက သူ့ကို ဝိုင်းချစ်ကြသည်မှာ မဆန်းပါ။

ကျွန်တော့်အနေဖြင့် ကျွန်တော့်မိတ်ဆွေများ၏မွေးနေ့ကို သိရှိရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့သည်။ ဘယ်လိုလုပ်သည် ထင်ပါသနည်း။ နက္ခတ္တဗေဒကို ကျွန်တော့်အနေဖြင့် နည်းနည်းမျှမယုံကြည်သော်လည်း အခြားသူများကို ကျွန်တော်က ထိုအကြောင်း စကားစပေးလေ့ရှိသည်။ သူတို့အနေဖြင့် လူတစ်ယောက်၏ မွေးနေ့မွေးရက်က သူတို့၏ အကျင့်စာရိတ္တနှင့် ဘဝအပေါ် လွှမ်းမိုးမှုရှိသည်ဟု ယုံကြည်မှုရှိ၊ မရှိ မေးကြည့်သည်။ ထို့နောက် သူ၏ မွေးရက်နှင့် မွေးလကို မေးကြည့်သည်။ ဥပမာ သူက နိုဝင်ဘာလ ၂၄ ရက်ဟုဖြေလျှင် ကျွန်တော်က အကြိမ်ကြိမ် ရွတ်ဆိုကျက်မှတ်သည်။ သူ ကျောပေးသွားလျှင် မွေးနေ့ကို ချရေးလိုက်သည်။ နောင်အခါတွင် မွေးနေ့များကိုချည်း ရေးထားသောစာအုပ်ထဲသို့ အမည်နှင့်တကွ ပြန်ပြောင်းရေးထည့်လိုက်သည်။

(ဆက်လက်ဖော်ပြပါမည်)

**❋ စက်ရုံက အလုပ်သမားပဲဖြစ်ဖြစ်၊ ရုံးတစ်ရုံးက စာရေးပဲဖြစ်ဖြစ်၊ ရာဇပလ္လင်ပေါ်ကဘုရင်ပဲဖြစ်ဖြစ် ကျွန်တော်တို့ကို ချီးကျူးသောသူများ၊ အထင်ကြီးသောသူများကို ကျွန်တော်တို့က သဘောကျနှစ်ခြိုက်တတ်ကြ**

**❋ မိတ်ဆွေများများရချင်လျှင် ကိုယ်ကျိုးမငဲ့ဘဲ အချိန်ကုန် အပင်ပန်းခံ၍ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်ပေးရမည်**



## တိုင်ထောင်ပဲ (ခေါ်) ပဲတောင့်ရှည်သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ကျောက်ဆည်  ဇွန်  ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိကြောင်း၊ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ တိုင်ထောင်ပဲ(ခေါ်) ပဲတောင့်ရှည်သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ပဲတောင့်ရှည်ကို စိုက်ပျိုးပြီး တစ်လကျော်ခန့်အကြာတွင် အသီးများစတင်ခူးဆွတ် ရောင်းချရကြောင်း၊ အစိမ်းနု၊ အစိမ်းရင့်၊ ကတ္တီပါအနီရောင်စသည့် မျိုးများကို တန်းကြားသုံးပေခန့်၊ ပင်ကြားတစ်ပေခန့်အကွာအဝေးဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် လေးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ပိဿာချိန် ၃၀၀–၃၅၀ ခန့်ထွက်ရှိကြောင်း၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် တိုင်ထောင်ပဲ(ခေါ်) ပဲတောင့်ရှည်ကို ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်နှင့် မန္တလေးမြို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ တိုင်ထောင်ပဲ(ခေါ်) ပဲတောင့်ရှည်ဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း ပဲတောင့်ရှည်စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

## ဖူးစားပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ကျောက်ဆည်  ဇွန်  ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိကြောင်း၊ ဖူးစားပြောင်းသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ဖူးစားပြောင်းစိုက်ဧက ၂၀၇၇ ဧကစိုက်ပျိုးခဲ့ပြီး စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဖူးစားပြောင်းသီးနှံကို ယာမြေနှင့် ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး လေးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ထိုင်ဝမ်သကြားပြောင်းမျိုးများကို ပင်ကြားနှစ်ပေခွဲ၊ တန်းကြား ၈–၁၀ လက်မခြား၍ စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ငါးသိန်းခန့်ကုန်ကျပြီး ပြောင်းဖူးရေ ၆၀၀၀–၇၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ကျောက်ဆည်နှင့် မန္တလေးမြို့တို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးခြင်းဖြင့် ပြောင်းဖူးရိုးများမှာလည်း ကျွဲစာ၊ နွားစာအတွက် ဖူလုံသည့်အပြင် သကြားပြောင်းမှာ လူကြိုက်များသောကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရလျက်ရှိ၍ အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။





## ကျောက်ဆည်မြို့နယ်၌ ခရမ်းချဉ်သီးနှံ စိုက်ပျိုးမှုနှင့် ဈေးကွက်

ကျောက်ဆည်  ဇွန်  ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် ဆည်ရေသောက်ဒေသတွင်ရှိသည့်အတွက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် မျိုးစေ့ကို ဘောင်ဖြင့်ပျိုးထောင်ပြီး နှစ်လသားကျော်အရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် အသီးများစတင်ခူးဆွတ်နိုင်ကြောင်း၊ ခရမ်းချဉ်သီးနှံကို ၂–၃ ရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး သက်တမ်းအားဖြင့် သုံးလခန့်ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် ခရမ်းချဉ်သီးပိဿာချိန် ၂၂၅၀–၂၃၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ကျောက်ဆည်နှင့် မန္တလေးမြို့တို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း ခရမ်းချဉ်သီးဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

သတင်းရင်းမြစ်– စီးပွား/ကူးသန်း

### ၄–၆–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၉၂၅ | ၁၅၅၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၁၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၃၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၄၁၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၄၇၅ | ၁၂၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၄၀၀ | ၇၀၁၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၅၀၀ | ၁၄၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၀၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၇၀၁၅ | ၁၆၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၅၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

❂ ကျောဖုံးမှ

လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်း အမျိုးသားအသင်းက ရွှေတံဆိပ်နှင့် အမျိုးသမီးအသင်းက ကြေးတံဆိပ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ်၌ မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ဗီယက်နမ်အသင်းကို ၂-၁ ပွဲဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အိမ်ရှင် တရုတ်အသင်းကို ၁၅-၁၁ မှတ်၊ ၁၅-၅ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၃-၁၅ မှတ်ဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲငယ်တွင် ၁၅-၁၂ မှတ်၊ တတိယပွဲငယ်တွင် ၁၅-၁၀ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိကာ ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်၌ ဗီယက်နမ်အသင်းကို ၂-၁ ပွဲဖြင့် အရေးနိမ့်ပြီး ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား လေးမျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်သည်။

**သတင်း-ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ-MSTAF**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မယ်ခေါင်ချောင်းရေထိန်းတံခါး (Sluice Gate ) တည်ဆောက်ခြင်းလုပ်ငန်း၊ အမျိုးအစား(သံကူကွန်ကရစ်)၊ အတိုင်းအတာ(၃၃'x ၄၂' x ၉')+( ၃x ၁၂' x ၉')အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေဖြင့်) တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် - (၅-၆-၂၀၂၅)မှ(၁၈-၆-၂၀၂၅)ရက်နေ့အထိ(ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် - (၁၈-၆-၂၀၂၅)ရက်နေ့ (၁၆:၃၀)
တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း(၀၉-၄၂၈၃၂၉၉၆၅)သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၁/၂၀၂၅-၂၀၂၆) ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသားအိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာသစ်လုံး/ခွဲသား(၁၉၅၀)တန်ခန့်**ကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-
(က) ရောင်းချမည့်နေ့ရက်နှင့်အချိန် - (၁၂-၆-၂၀၂၅)ရက်နေ့နံနက်(၈:၃၀)နာရီမှစတင်မည်
(ခ) ရောင်းချမည့်ဒေသများ - ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် / ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး/ဧရာဝတီတိုင်းဒေသကြီး/ရှမ်းပြည်နယ်(တောင်ပိုင်း)
(ဂ) ရောင်းချမည့်နေရာ - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ ဖုန်းနံပါတ် ၀၉၇၉၅၇၀၀၄၃၉၊ ၀၉၄၀၂၇၀၅၅၁၅ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ ဆင်ဖြူရှင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်နေ (ဘ) ဦးကျော်ညွန့်၏သမီး ဒေါ်ဖြိုးဖြိုးကျော် [၁၂/ရကန(နိုင်)၀၀၃၆၇၅]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၅၇၀၃၄၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ အောင်သပြေလမ်းနေ မောင်ချမ်းပြည့်ဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/အဂပ(နိုင်)၂၀၁၇၇၇]၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဖြစ်ပါကြောင်း။

**သာလွန်ကျော်အိမ်ခြံမြေ**
**ရောင်းဝယ်ရေး**
**ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-261119599**

## အမည်မှန်

ရန်ကုန်မြို့၊ လသာမြို့နယ် BROWN Private School၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်းစိုး [၁၂/ကမရ (နိုင်) ၀၅၀၃၂၁]၏သမီး မသဒ္ဒါရှင်းသန့်၏ အမည်မှန်မှာ မသဒ္ဒါရှင်းသန့် ဖြစ်ပါကြောင်း။

**မသဒ္ဒါရှင်းသန့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ်(၂၂၉)၊ မြေအကျယ်အဝန်း(အလျား၄၁ x အနံ၆၀)ပေရှိ (ဂရန်မူရင်း)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးခင်မောင်လတ် (ISN-၁၄၆၄၃၉)အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ချောစုစုငြိမ်း [၁၂/ဗတထ(နိုင်)၀၁၇၇၆၄]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဌေး[၁၂/သဃက(နိုင်)၀၄၆၇၈၅]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာ သင့်ပါသည်

❖ အေစီမီလန်မှ

ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းကတော့ အီတလီစီးရီးအေချန်ပီယံ နာပိုလီအသင်းဆီ ပြောင်းရွှေ့တော့မှာဖြစ်တာကြောင့် ကမ္ဘာ့ကလပ်အသင်းများဖလား ပြိုင်ပွဲမှာ မန်စီးတီးအသင်းနဲ့အတူ ပါဝင်ကစားတော့မှာ မဟုတ်ဘူးလို့ သိရပြီးနောက် မန်စီးတီးအသင်းဟာ ဇွန် ၁၄ ရက်မှာ စတင်ကျင်းပမယ့် ကမ္ဘာ့ကလပ်အသင်းများ ဖလားပြိုင်ပွဲအမီ ကွင်းလယ်ကစားသမား ရီအင်န်ဒါကို အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ဖို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ရီအင်န်ဒါဟာ နယ်သာလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ၂၂ ပွဲပါဝင်ကစားပေးထားပြီး အေစီမီလန်အသင်းအတွက်တော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ၅၄ ပွဲမှာ ၁၅ ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ရီအင်န်ဒါဟာ ၂၀၂၃ ခုနှစ် အတွင်းက အေဇက်အယ်လ်ခမာအသင်းကနေ အေစီမီလန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

■ **အာဆီယံ ယူ-၁၉ မှ**

အမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လဝန်းကျင်ရရှိပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲမကစားရသော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။

၂၀၂၅ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်၊ မြန်မာ၊ လာအို၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇွန် ၉ ရက်တွင် ထိုင်းအသင်း၊ ဇွန် ၁၁ ရက်တွင် လာအိုအသင်း၊ ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF**

## ပေါင်မြို့နယ်၌ မိုးစပါးပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်စိုက်ပျိုးမှုအတွက် သွင်းအားစုဖိုး လိုအပ်ငွေ၏ ၂၅ ရာခိုင်နှုန်း ပေးအပ်ချီးမြှင့်

ပေါင် ဇွန် ၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရာဂီမုန်တိုင်းမတိုင်မီ ကာလ မိုးစပါး ပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည် စိုက်ပျိုးမှုအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် သွင်းအားစုဖိုးလိုအပ်ငွေ၏ ၂၅ ရာခိုင်နှုန်း ပေးအပ်ချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စွာလှိုင်နှင့်ဝန်ထမ်းများ၊ စက်မှုလယ်ယာ



ဦးစီးဌာနမှဦးစီးအရာရှိ ဦးရဲမြင့်၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကြူကြူခိုင်နှင့် မိုးစပါး ရေကြီးနစ်မြုပ်ခဲ့ပြီး ပြန်လည် စိုက်ပျိုးခဲ့သည့် ကျေးရွာလေးရွာမှ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စွာလှိုင်က ၂၀၂၄ ခုနှစ် မိုးစပါး ရေကြီးနစ်မြုပ်ခဲ့သည့် ၁၄၁၆ ဧကပြန်လည်စိုက်ပျိုးနိုင်ရန် မွန်ပြည်နယ် အစိုးရအဖွဲ့က ပေါင်မြို့နယ်အတွက် တင်း ၂၀၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုအခါ မိုးစပါးပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် သွင်းအားစုဖိုးလိုအပ်ငွေ၏ ၂၅ရာခိုင်နှုန်းဖြစ်သော ငွေကျပ်ငါးသောင်းနှုန်းဖြင့် ၁၄၁၆ ဧကအတွက် ငွေကျပ် ၇၀၈ သိန်းကို ပေါင်မြို့နယ်ကျေးရွာလေးရွာဖြစ်သည့် လက်ပံတော၊ မုတ္တမ - ကျွဲခြံ၊ နတ်မော်၊ မော်ဘီတို့သို့ ပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတော်၏စားရေရိက္ခာဖူလုံရေး တောင်သူများအနေဖြင့် သီးနှံစိုက်စွမ်းအားမြင့်မားစေရန် ပိုမိုစိုက်ပျိုးပေးကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဘူရှီဒိုအသင်းနှင့် Nova အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

## MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇွန် ၄

MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ ပထမနေ့ကို ဇွန် ၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။

ပြိုင်ပွဲပထမနေ့တွင် Noka United အသင်းက Fithouse အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘူရှီဒိုအသင်းက Nova အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ AON အသင်းက Comeback Junior အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး DAE အသင်းနှင့် King Cobra အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပြိုင်ပွဲကို အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ငါးသင်း ၁၀ အုပ်စုခွဲ၍ ပြုလုပ်လျက်ရှိသည်။ အုပ်စုပွဲများကို ဇွန် ၂၀ ရက်အထိ တစ်နေ့လျှင် ခြောက်ပွဲနှုန်းဖြင့် နေ့စဉ် ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

## မြန်မာ ယူ-၂၂ အသင်းနှင့် တရုတ် ယူ-၂၂ အသင်း ဒုတိယခြေစမ်းပွဲကစား

ရန်ကုန် ဇွန် ၄

တရုတ်နိုင်ငံ၌လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် ဇွန် ၄ ရက်က တရုတ် ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်တွင် တရုတ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး ဇွန် ၁ ရက်က ကစားသည့် ပထမပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ကာ ယခုဒုတိယပွဲတွင်လည်း ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းအတွက် ဂိုးကို ပထမပိုင်းတွင် ရှိုင်းဝဏ္ဏအောင်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ တရုတ်နိုင်ငံ၌ လေ့ကျင့်ခဲ့ပြီး ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားသည်။

**ကိုညီလေး**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ(Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံခြင်းနှင့် (Installation သီးသန့်)အား လုပ်ငန်းအပ်နှံလိုပါသည်-

(က) ရေဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ် ဘတ်ရဲတွင် ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ခ) ရေဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မှ မအူပင်အထိ ၆၆ ကေဗွီ လိုင်း ၂၂.၃ မိုင် တည်ဆောက်ခြင်းအတွက် (ပထမအဆင့်) ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဂ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့ အမှတ်(၇)ခွဲရုံအဖြစ် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဃ) ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပေါင်းတည်မြို့ ၆၆/၃၃ ကေဗွီ ၃၀ အမ်ဗွီအေ နှင့် ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ခွဲရုံအနက် ၆၆/၃၃ ကေဗွီ ၃၀ အမ်ဗွီအေ ခွဲရုံအတွက် (ပထမအဆင့်) ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(င) ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ပျက်စီးသွားသော ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ရွာတန်းရှည် ဓာတ်အားခွဲရုံပြန်လည်ပြုပြင်ခြင်းအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(စ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်ကြီး(ဇလဲ)မှ တောင်ကြီးအမှတ်(၄)ခွဲရုံသို့ ၆၆ ကေဗွီလိုင်း (၁၄) မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဆ) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဒိုက်ဦးမြို့နယ်၊ ၂၃၀ ကေဗွီ ဘိုင်းဒါးပင်မခွဲရုံမှ ဒိုက်ဦး(ဗျက်ကြီး)ကျေးရွာသို့ ၆၆ ကေဗွီ လိုင်း ၁၀.၃၂ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း+လုပ်အားခ)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဇ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင် - နောင်ရင်းဒုံ ၃၃ ကေဗွီလိုင်း ၁၂.၄ မိုင် တည်ဆောက်ခြင်းလုပ်ငန်း(Installation သီးသန့်)အား လုပ်ငန်းအပ်နှံခြင်း

တင်ဒါစတင်ရောင်းချမည့်ရက် - ( ၅.၆.၂၀၂၅)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၉.၆.၂၀၂၅) ရက်နေ့ ၊
မွန်းတည့် (၁၂ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

Win Sammering Company Limited ၏ Import Declaration Form (ID No.100264913450) တစ်စောင်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၄၂၆၀၀၇၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ရာဇသင်္ကြန်လမ်း၊ မြေကွက်အမှတ်(၃၃၂/ခ)၊ ဦးစိုင်းကွမ်းလှိုင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)၊ (၀.၀၂၇၅)ဧက ရှိမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား သက်ဆိုင်ရာဌာနတွင် တရားဝင်အမည်ပေါက်လျက် လက်ဝယ်ထားပိုင်ဆိုင်ထားကာရောင်းချပိုင်ခွင့်ရှိကြောင်း ဦးစိုင်းကွမ်းလှိုင်း[၁၃/နခန(နိုင်)၀၄၈၂၆၄]မှ ဝန်ခံသဖြင့် ဦးစိုင်းကွမ်းလှိုင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာLL.B., D.B.L, D.I.L, WIPO**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/ ၂၀၁၇)**
**အမှတ်-၈၃၇၊ မင်းရဲကောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်းနံပါတ်-၀၉-၇၉၉၆၈၁၂၁၇**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ နဝရတ်ကိုးသွယ်လမ်း၊ အမှတ်(၁၃၈၆/က)၊ အကျယ်အဝန်း (၂၀)ပေx(၆၀)ပေရှိ ဦးလှအောင်(အမည်ပေါက်)ပါမစ်မူရင်းဟု အမည်တွင်သည့် မြေကွက်နှင့်အိမ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြတ်စိုးအေး[၇/ပခန(နိုင်)၂၈၄၆၇၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလှမင်း[၁၂/တမန(နိုင်)၀၈၂၂၆၉]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်နိုးသူ(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၆၀၈၁)**
**အမှတ်(၉၀၂/က)၊ မြကန်သာ(၂)လမ်း၊ (၇၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၂၆၁၇၅၉၁**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ချင်းကုန်းကျေးရွာအုပ်စု၊ သဲဝါကျေးရွာတွင် နေထိုင်သူ မနှင်းအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းလေး ဖြစ်ပါကြောင်း။

## အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ပန်းတောင်းမြို့နယ် နေ ဦးသက်လင်း ၏ သား အ.လ.က-ဘူးဘက် Grade -7 တွင်ပညာသင်ကြားနေသော မောင်သွင်ခန့်ညား ဖြစ်ပါကြောင်း။ **မောင်သွင်ခန့်ညား**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၁၀၄၅)၊ အကျယ်အဝန်း-(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေသည် မြို့မြေစာရင်းတွင် ဦးစိုးညွန့် [၁၂/အစန(နိုင်)၁၁၃၂၀၄]BGU- 211305၊ အမည်ပေါက် တည်ရှိပြီး အဆိုပါ မြေကွက်ကြီးထဲမှ တစ်ဝက်တိတိဖြစ်သည့် အကျယ်အဝန်း(၂၀ပေx၆၀ပေ) အမှတ်(၁၀၄၄)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေကွက်နှင့်အဆောက်အဦအား ယခုရောင်းချသူ ဒေါ်အေးအေးမြတ်[၉/ရမသ(နိုင်)၁၀၉၂၂၈]က အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် မိမိတရားဝင် လက်ရောက်ဝယ်ယူ နေထိုင်ပိုင်ဆိုင်ထားပါကြောင်း၊ တရားရုံးနှင့် တကွ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာတစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ တရားဝင်အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်။**
**ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

## အများသိစေရန်ကြေညာခြင်း

Myanmar Polestar DMC & MICE Management Company Limited (Company Registration No. 136521306)တွင် မန်နေးဂျင်းဒါရိုက်တာ တာဝန်ထမ်းဆောင်နေသော ဦးအောင်လင်းထင်ထံမှ မန်နေးဂျင်းဒါရိုက်တာ တာဝန်အား ဦးကျော်မင်းထင်ထံသို့ လွှဲပြောင်းပေးအပ်လိုက်သည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**Myanmar Polestar DMC & MICE Management Company Limited.**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ (ဝါဇီ)နယ်မြေ၊ အမက(၁၇၀) Grade-5(B)တွင် ပညာသင်ကြားနေသော မအိမ့်ခြူးစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမိုးထွန်း [၈/ပခက(နိုင်)၂၅၅၂၅၂]ဖြစ်ပါကြောင်း။

**ဦးမိုးထွန်း[၈/ပခက(နိုင်)၂၅၅၂၅၂]**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဒ-၃)၊ ဦးပိုင်အမှတ်(၅၆)၊ ၆၃(A) လမ်း၊ ၃၇x၃၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်စိုး [၉/မရမ(နိုင်)၀၆၄၅၉၄]က အမှုတွဲအမှတ်(၀၃၃၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၁၅)၊ ဦးပိုင်အမှတ်(၆)၊ ၅၅လမ်း၊ ၄၃x၁၀၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ရဲ[၁/မညန(နိုင်)၀၁၈၀၇၈]က အမှုတွဲအမှတ် (၀၃၀၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၃၆-ခ)၊ ၅၇x၅၈ကြား၊ ၃၇x၃၈(A) လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ AH LYO ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၇၃၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိုးဟန် [၁/မစန(နိုင်)၀၂၄၄၆၇]က အမှုတွဲအမှတ်(၀၃၁၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
## အသိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် အသင်းဝင်လောကသားများ၏အကျိုးကို တတ်စွမ်းသမျှ ကူညီထောက်ပံ့လှူဒါန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ အသင်းဝင်စာရင်းမှန်ကန်တိကျရန် လိုအပ်သည့်အတွက် အသင်းဝင်များအနေဖြင့် ပုံမှန်သက်တမ်းတိုး ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အချို့အသင်းဝင်များမှာ နှစ်ပေါင်းများစွာ အဆက်အသွယ်ပြတ်ပြီး သက်တမ်းတိုးခြင်းမရှိပါသဖြင့် သက်တမ်းတိုးရန်ကျန်ရှိနေသော အသင်းဝင်များအနေဖြင့် ( ၃၁-၇-၂၀၂၅)ရက်နေ့နောက်ဆုံးထားပြီး သက်တမ်းတိုးကြပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်သက်တမ်းတိုးခြင်းမရှိပါက အသင်းဝင်အဖြစ်မှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ ပယ်ဖျက်ထားသူများကို အသင်းဝင်အဖြစ် ထပ်မံလျှောက်ထားခြင်းခွင့်ပြုတော့မည်မဟုတ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ဖခင်အမည်မှန်

အ.မ.က (၂၃) သဃ်န်းကျွန်း စတုတ္ထတန်းမှ မငုဝါကျော် ၏ ဖခင်အမည်မှန်မှာ ဦးဝင်းသန်းထွဋ် မှတ်ပုံတင်အမှတ် [၁၂/သဃက (နိုင်) ၁၇၆၀၁၉] ဖြစ်ပါသည်။

**ဦးဝင်းသန်းထွဋ်**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအုန်းမြင့် ၏ သမီး ဒေါ်ဖြူဖြူဆင့် [၆/မအရ(နိုင်) ၀၂၄၀၈၈]၏ နိုင်ငံကူး လက်မှတ် (M 597552)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၃၆၅၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃ သမိုင်း ၊ မြေကွက်အမှတ်-၁၂/ခ-၁-၄၆၊ ဧရိယာ ၀.၁၅၅ ဧက၊ မြေကွက်တည်နေရာအမှတ်( ၁၂၇/F )၊ မောရဝတီလမ်း၊ ( ၅ )ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးစံမင်း (၁၂/ကမရ (နိုင်) ၀၁၄၉၈၀)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးစံမင်း သည် ( ၆.၂.၂၀၂၃) ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်စံသာ (၁၂/ကမရ (နိုင်) ၀၁၂၉၅၂)မှ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း နှင့် မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၄/၁၆၄/၂၀၂၅ (၃.၄.၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/မင်းဝိုင်းရပ်)၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ(၀.၁၂၄)ဧကရှိ ဦးဘိုးသောင်း၊ ဒေါ်သန်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဒေါ်စိမ်းစိမ်းမူ(ဘ)ဦးမျိုးသန့်[၉/လဝန(နိုင်)၁၃၇၄၇၇]မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံး ကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဗိုလ်တထောင်မြို့နယ် (ဘ) ဦးဗိုလ်ဗိုလ်သက် [၁၂/မဂတ(နိုင်) ၀၇၃၈၁၂]၏ သမီး အ.ထ.က(၅)၊ Grade-5 တွင် ပညာသင်ကြားနေသော မပိုးအိမ့်ခြယ်၏ အမည်မှန်မှာ မပိုးအိမ့်ချယ် ဖြစ်ပါကြောင်း။ **မပိုးအိမ့်ချယ်**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ယူနစ်ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ဦးဘသိန်းခင် ၏ သား မောင်ကျောက်တောင် အား မောင်ဟိန်းထက်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းထက်ကို**

## ပျောက်ဆုံးကြောင်း

ကျွန်ုပ်မ ဒေါ်အေးအေးသန်း မှတ်ပုံတင်အမှတ်[၁၂/ပဇတ(နိုင်)၀၁၇၀၂၄]ကိုင်ဆောင်သော အဏ္ဏဝါမင်း၊ ရညန/ရက-၁၃၀၀၊ 401438 ရေယာဉ်၏ မှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင် အပိုင်း (၁)+(၂)တို့ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၉၉၄၇၀၉**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စိန်ပန်းလမ်းနေ(ဘ) ဦးလှမြင့်၏သား မောင်လှဆန်းဦး[၁၂/ဒလန(နိုင်)၀၅၁၂၇၅]၏ Seaman Book CDC နံပါတ် 97289 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၀၇၀၇၈၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ မြေကွက်အမှတ်-၃၉(က)ဟုခေါ်တွင်သောအကျယ်အဝန်း(၂၀ x ၆၀)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေ ဦးငွေပို[၁၂/ထတပ(နိုင်)၀၁၀၃၂၇]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ ယနေ့တိုင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။ ထို့ကြောင့်အဆိုပါအိမ်ခြံမြေသည် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းမှသာ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော အိမ်ခြံမြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငွေပို၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉ (ခ)၊ အောင်ဗောဓိလမ်း၊ ၁၉-ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်။ ဖုန်း-၀၉-၄၂၅၂၉၂၉၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ သဇင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၁၃၂/ခ)၊ အကျယ်(၂၀x၆၀)ပေရှိ အီဘရာဟင်(ခ)ဦးလှမောင် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေး (DLA-၀၁၃၈၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ"(စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

## စွမ်းအင်ဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၂/၂၀၂၅-၂၀၂၆)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေ(မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ်စဉ် | ဝယ်ယူမည့်ပစ္စည်း/ လုပ်ငန်းအမည် |
| --- | --- | --- |
| (က) | 11(T)/MOE/2025-2026 | ရုံးအမှတ်(၆)၊ ရတနာခန်းမအမိုး ပြုပြင်ခြင်းလုပ်ငန်း (၁၀၈'x၇၆')နှင့် ရုံးအမှတ်(၆)၊ ရတနာခန်းမဘေး လျှောက်လမ်းအကာအရံနှင့် အတွင်း/အပြင် ပြုပြင်ခြင်းလုပ်ငန်း (၁၀၈'x၇၆') |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၆-၂၀၂၅ ရက်မှ ၅-၇-၂၀၂၅ ရက်ထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံး နေ့ရက်/ အချိန် - ၇-၇-၂၀၂၅ ရက်နေ့၊ (၁၃:၀၀) နာရီ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ်(၆)၊ နေပြည်တော်။

၅။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ဆက်သွယ်အကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၃၄၁၁၀၄၈၊ ၀၆၇-၃၄၁၁၃၂၀၊ ၀၆၇-၃၄၁၁၁၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၀၅/က) အလျား (၂၀)ပေxအနံ (၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိသော ဦးစန်းမြင့် [၁၃/လရန(နိုင်)၀၉၃၁၂၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၈၀၅/က)၊ စာဂ(၁၉)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် တစ်ထပ်ပျဉ်ထောင်နေအိမ်နှင့် ယင်းနေအိမ်နှင့်တွယ်ကပ်လျက်ရှိသော ရေမီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးစန်းမြင့်မှ ၎င်းကသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံ သောစာချုပ်စာတမ်း အထောက်ထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာဝင်း (LLB,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၀၉၁)**
**အမှတ်(၆၂၇)(၁၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၆၁၂၄၇၈၆၇၊ ၀၉-၄၂၁၁၂၇၇၂၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၁၅)၊ ဦးပိုင်အမှတ်(၅)၊ ၅၅လမ်း၊ ၄၃x၁၀၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြူကြူအောင်(ခ) ယဉ်ယဉ်အေး[၁/မကတ(နိုင်)၀၀၀၃၂၃]က အမှုတွဲအမှတ် (၀၃၀၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိလမ်း၊ မြေကွက်အမှတ်-၉၅၀(ခေါင်းရင်းခြမ်း)၊ အကျယ်ပေ(၅၀x၆၀)ရှိ ဒေါ်တင်တင်နွဲ့ပိုင်ဆိုင်သည့်မြေကွက် ပေါ်တွင် ဆောက်လုပ်နေသည့် (၃)ခန်းတွဲ၊ (၄)ထပ်တိုက်ရှိ တတိယထပ်(အလယ်ခန်း)၊ ကန်ထရိုက်တာ ဦးအမ်တယ်ပါးလ် ပိုင်ဆိုင်ခွင့်ရှိသော အကျယ်ပေ(၁၅x၄၈)ရှိ ရေမီးစုံပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ ဒေါ်တင်တင်နွဲ့ပိုင်မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးအမ်တယ်ပါးလ်မှ တာဝန်ယူဆောက်လုပ်နေသည့် (၃)ခန်းတွဲ(၄)ထပ်တိုက်ရှိ တတိယထပ်တိုက်ခန်း(အလယ်ခန်း)အား (၁၇-၃-၂၀၂၄)ရက်စွဲပါ "(၃)ခန်းတွဲ (၄)ထပ်အာရ်စီတိုက်သစ်တစ်လုံး ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့်မြေရှင်နှစ်ဦး သဘောတူကတိစာချုပ်"အရ ပိုင်ဆိုင်ခွင့်ရှိသူ ကန်ထရိုက်တာဦးအမ်တယ်ပါးလ် [၁၂/တကန(ပြု)၀၀၀၄၅၄]မှ ကြိုပို့ငွေစနစ်ဖြင့် ဆောက်လုပ် ရောင်းချခြင်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထွန်းအောင်ကျော်မှ စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
| --- | --- |
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးထွန်းအောင်ကျော်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၁/စတန(နိုင်)၀၇၂၄၂၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-င/၁၂/၁၃၁၊ ဒေါန(၁)လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၅၂၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးကျော်မြင့် (A/RGN-၀၁၃၃၂၉)**အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်မှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ **ဒေါ်ထက်ထက်အောင်[၁၂/ကမရ(နိုင်)၀၅၆၃၃၅]**က ၎င်းလက်ဝယ်ရှိတရားဝင် ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဖြူအိမွန်[၉/အမဇ(နိုင်) ၀၂၁၃၈၂]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
| --- | --- |
| **ဒေါ်မင်းသူနန္ဒီဖြိုး** | **ဒေါ်စုစုမွန်** |
| **[တရားလွှတ်တော်ရှေ့နေ](စဉ်-၁၂၈၄၆)** | **[တရားလွှတ်တော်ရှေ့နေ](စဉ်-၁၃၄၉၆)** |
| **[LL.B,D.I.P.L,DL-101WIPO (Switzerland)]** | **[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO (Switzerland)]** |

**အမှတ်-၃၀၂(၁၂+၁) Parami Condominium ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်-၆၁၀၊ ဦးပိုင်အမှတ်(၆၉)၊ ၂၇လမ်း၊ ၇၆x၇၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်မြင့်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၅၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ငြိမ်း(ခ)ဦးရာချ်[၉/ပဥလ(နိုင်)၀၃၀၄၀၁]၊ ဦးဘီကီ[၉/ပဥလ (နိုင်)၀၇၄၂၂၉]တို့က အမှုတွဲအမှတ်(၀၃၀၆/၂၀၂၅-၂၀၂၆)ဖြင့် အမည် ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၃၆)၊ ၅၇x၅၈ ကြား၊ ၂၇x၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရိုဂစ်ကူမာ(ခ) အောင်အောင်[၉/မရမ(နိုင်)၀၈၇၉၅၈]က အမှုတွဲအမှတ် (၀၃၃၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

